
စိတ်ကူးချိုချို



# စီးပွားရေးမျက်စိ

ခင်မောင်ညို(ဘောဂဗေဒ)

တတိယအကြိမ်

mgyoe.com

mgyoe.com



ဘာမှတော့ မဟုတ်......
သင့် စီးပွားရေးမျက်စိကို
ကမ္ဘာနှင့် ယှဉ်သော အတိုင်းအတာဖြင့်
ဖွင့်ပေးမည့် စာအုပ်။

mgyoe.com

mgyoe.com

စီးပွားရေးမျက်စိ

ပုံနှိပ်မှတ်တမ်း
စာမူခွင့်ပြုချက်အမှတ် - ၄၀၁၁၁၄၀၆၀၉ နှင့်
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၄၀၀၈၈၇၀၉၀၇ ဖြင့်
မျက်နှာဖုံးဒီဇိုင်းကို ဣ.ဒ.ဝ ပြုလုပ်ပြီး ထုတ်ဝေသူ-ဦးစန်းဦး၊ စိတ်ကူးချိုချိုစာအုပ်တိုက်၊ (၈၅) ၁၆၄ လမ်း၊ တာမွေ၊ ရန်ကုန်နှင့် ပုံနှိပ်သူ- ဦးနိုင်ဦး၊ ငွေပြည်တော်ပုံနှိပ်တိုက်၊ သိမ်ဖြူလမ်း၊ ရန်ကုန်တို့က တတိယအကြိမ် စောင်ရေ - ၅၀၀ရိုက်နှိပ်ကာ ၂၀၀၇ ခုနှစ်၊ နိုဝင်ဘာလတွင် တန်ဖိုး ၁၅၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

စာအုပ်ချုပ် - ကိုမြင့်

mgyoe.com

mgyoe.com

# မာတိကာ


| | |
|---|---|
| ကျေးဇူးတင်ပါသည် / အောင်သင်း | (က) |
| လာဘ်နှင့် စီးပွားရေး | ၁ |
| ကံနှင့် စီးပွားရေးဖွံ့ဖြိုးမှု | ၉ |
| ကောက်ရိုးမီး ဖွံမီးနှင့် ပြိုင်ဆိုင်မှု | ၁၇ |
| ကွင်းဆက် | ၂၅ |
| မုန့်ဟင်းခါးဗေဒ | ၃၄ |
| စီးပွားရေးပညာရှင်ကြီး စိတ်ညစ်သွားခြင်း | ၄၂ |
| အချိန် ဘယ်ဘက်ကို မျက်နှာလှည့်သလဲ | ၄၉ |
| ဖိနပ်ဆိုင်မှာ ခဏတာ | ၅၈ |
| တီသုံးလုံးနှင့် နိုင်ငံပေါင်းစုံ ကုမ္ပဏီကြီးများ | ၆၉ |
| အမှား (၇) သွယ် | ၇၉ |
| ပညာနှင့် လုပ်ငန်း လုပ်ငန်းနှင့် ပညာ | ၈၆ |
| ဗိုလ်ချုပ်ကို သတိရသည်။ သို့သော် ... | ၉၄ |
| ချာတိတ် | ၁၀၂ |
| ပြိုင်ရဲရဲ့လား | ၁၁၀ |
| စေတနာ ဝန်ဆောင်မှု | ၁၁၈ |
| ကျဲကျဲမြန်မြန် လှမ်းစမ်းပါ | ၁၃၀ |
| အချိန်ပုစ္ဆာ | ၁၃၉ |
| မိသားစုအယ်လ်ဘန်ထဲက လုပ်ငန်းရှင် စိတ်ဓာတ် | ၁၄၇ |
| အလွမ်းမပြေ မန္တလေး | ၁၅၂ |
| ဈေးမရောင်းတတ်တဲ့ လူမျိုး | ၁၆၂ |
| ညှော်လာလို့ အိမ်သာဖို့ | ၁၇၀ |
| အဖြေ | ၁၈၄ |


mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# အောင်သင်း

ကျွန်တော် ဤကဗျာကို"အကြိုက်ဆုံးဆောင်းပါး"ဟူ၍ အမည် မပေးဘဲ "ကျေးဇူးတင်ပါသည်"ဟူသော ခေါင်းစဉ်ကို ပေးခဲ့ပါ သည်။ တကယ့်ကို ကျေးဇူးတင်သောကြောင့် ထိုအမည်ကို ပေးခဲ့ခြင်း ဖြစ်ပါသည်။

စာဖတ်သူများ တကယ်လေးစားလောက်သော ဆောင်းပါး တစ်စောင်ကို ရေးနိုင်ရန် အဘယ်မျှ အားထုတ်ရကြောင်းကို ကျွန်တော် ကောင်းကောင်းသိပါသည်။ ထို့ပြင် ဝတ္ထုတို၊ ဝတ္ထု ရှည် တို့ကဲ့သို့ ပရိသတ်အများစုက တောင်းဆိုသည့်စာမျိုး မဟုတ်သောကြောင့် မဂ္ဂဇင်းတစ်စောင်အတွက် ဈေးခေါ် ကောင်းလှသည် မဟုတ်ပါ။ ထို့ကြောင့် စာမူခတွင်လည်း ဝတ္ထု သမားများကဲ့သို့ မြိုးမြိုးမြက်မြက် ရကြရှာသည် မဟုတ်ပါ။ ထို့ပြင် ဟိုလူကချစ် သည်လူကခင် စသည်ဖြင့် မိတ်ဆက်စာ တွေ တစ်ပြုံကြီး ရောက်လာလောက်အောင် မျက်နှာပွင့်နိုင် သည်လည်း မဟုတ်ပါ။ သို့ပါလျက်နှင့်ပင် ကြိုးစားပမ်းစား

mgyoe.com

mgyoe.com



စူးစမ်းတွေးတောပြီး ရေးနေကြသောကြောင့် ထိုသို့သော ပုဂ္ဂိုလ်များအား "ကျေးဇူးတင်ရသည်"မှာ အမှန်ဖြစ်ပါသည်။

"ကျေးဇူးတင်ပါသည်"ကဏ္ဍအတွက် အကြိုက်ဆုံးဆောင်းပါးများကို ရွေးရသည်မှာ (ကျွန်တော့်အဖို့) "အကြိုက်ဆုံးဝတ္ထု" ကို ရွေးခဲ့ရသည်ထက်ပင် ပို၍ ခက်သေးသည်ဟု ထင်နေမိပါသည်။

မဂ္ဂဇင်းများကိုကြည့်လိုက်လျှင်လည်း တိုင်းမ်စ်၊ နယူးဝိခ်စ်စသော နိုင်ငံခြားမဂ္ဂဇင်းများမှ နိုင်ငံတကာရေးရာ သတင်းပေါင်းစုံကို အလုအယက်ဘာသာပြန်ထားခြင်း ဖြစ်နေရုံမျှမက တစ်ခါတစ်ရံ မျက်နှာဖုံးဓာတ်ပုံများပင်တစ်ထပ်တည်းတူနေကြသည်ကို တွေ့ကြရပါသည်။ ဆောင်းပါးများတွင်လည်း ထိုနည်းတူ ဖြစ်နေကြသည်ကို တွေ့ကြရတတ်ပြန်ပါသည်။

နောက်တစ်မျိုးက စီးပွားရေးနှင့် ကြီးပွားရေး အကြံပေးနည်းပြဆောင်းပါးများ ဖြစ်ပါသည်။ ထိုဆောင်းပါးများမှာလည်း (များသောအားဖြင့်) ဘာသာပြန်များသာ ဖြစ်နေတတ်ကြပြန်ပါသည်။

နိုင်ငံတကာသတင်းများ၊ ထူးဆန်းထွေလာများသည်လည်း ဖတ်လို့ကောင်းကြပါ၏။ မှတ်သားသတိပြုဖွယ်ရှိကြပါပေ၏။ ကြီးပွားရေး၊ စီးပွားရေးဆောင်းပါးများသည်လည်း ထိုနည်းတူပင် ဖြစ်ပါသည်။

ထိုကဲ့သို့ ဖြစ်နေသောအခါ လူအများ သတိပြုသင့်သော၊ စာဖတ်ပရိသတ်အများစု သတိပြုသင့်သော စာမျိုးကို ရွေးချယ်တင်ပြတော့မည်ဆိုလျှင် မည်သို့သော ဆောင်းပါးများကို ရွေးချယ်တင်ပြမည်နည်း ဟူသော အခြေခံမှုကို ကျွန်တော် စဉ်းစားရပါတော့သည်။

mgyoe.com

mgyoe.com



နောက်ဆုံးတွင်တော့ ကျွန်တော်တို့၏ လက်ရှိအခြေအနေကို ထောက်၍ လူအများ သတိပြုသင့်သော၊ ကိုယ်ပိုင် အတွေးအခေါ်လည်း ပါသော၊ စာရေးသူ၏ အားထုတ်မှုကိုလည်း ထင်ရှားသိသာစေသော ဆောင်းပါးမျိုးကို ရွေးချယ်တင်ပြမည်ဟု သတ်မှတ်လိုက်ရပါတော့သည်။

ကျေးဇူးတင်ပါသည် ၁

## ကမ္ဘာပြန့်နေသည့် မသမာမှု

ခင်မောင်ညို (ဘောဂဗေဒ) ကို ကျွန်တော် သတိထားမိနေသည်မှာ အတော်ကလေး ကြာပြီ။ သူသည် ဘောဂဗေဒ ပြဿနာများကိုသာ တင်ပြနေတတ်သည်မဟုတ်။ ကျွန်တော်တို့ နိုင်ငံသူနိုင်ငံသားအားလုံး သတိထားပြီး (အမှတ်ထင်ထင်ကြီးကို သတိထားပြီး)သုံးသပ်ကြရမည့် ပြဿနာများကို မကြာခဏ တင်ပြလေ့ရှိသည်။

ယခုတစ်ပတ် တင်ပြလိုက်သည်က တစ်ကမ္ဘာလုံးတွင် ပျံ့နှံ့လာသည့် လာဘ်ပေးလာဘ်ယူ ကိစ္စကြီးပင် ဖြစ်သည်။ ယခင်ကတော့ သည်ကိစ္စကို သိပ်မပြောကြ။ ပြောကြစေဦးတော့ စင်မြင့်ကနေပြီး ကျယ်ကျယ်လောင်လောင် မပြောခဲ့ကြ။ ယခုတော့ဖြင့် လာဘ်ပေးလာဘ်ယူ ကိစ္စကို ထိထိ ရောက်ရောက် ဖြေရှင်းနှိမ်နင်းကြရန် ပြောလာကြရပြီး ဖြစ်သည်။ ခင်မောင်ညို ပြောထားသည်က လာဘ်ပေးလာဘ်ယူကြောင့်

• • •

mgyoe.com

mgyoe.com

(ဃ)

*ရိုးသားသော စီးပွားရေး လုပ်ငန်းရှင်များ ထိခိုက်နစ်နာလာသောအခါ စီးပွားရေးစနစ် တစ်ခုလုံးကို ထိခိုက်လာသည်။ စီးပွားရေး ကုမ္ပဏီကြီးများကလည်း ရိုးရိုးသားသား မလုပ်တော့ဘဲ ခြတက် ပျက်စီးကုန်ကြသည်။ ထိုအခါ လူမှုရေး ဖွံ့ဖြိုးတိုးတက်မှု ဖြစ်ထွန်းမလာနိုင်တော့။*

*လာဘ်ပေး လာဘ်ယူမှုကြောင့် ကြီးပွားနေကြသည်ကို မြင်နေရသော လူငယ်တွေကလည်း အားကျစရာ တစ်ခုဟု ထင်မှတ်လာကြသည်။ သို့ဖြစ်၍ မသမာမှုသည် ပစ္စုပ္ပန် နိုင်ငံတော်ကိုသာ ဖျက်ဆီးသည် မဟုတ်၊ အနာဂတ် နိုင်ငံတော်ကိုပါ ကြိုတင်ပျက်စီးစေသည်။*

*အလားတူပင် လာဘ်ပေးလာဘ်ယူမှုသည် ဒီမိုကရေစီ၏ ရန်သူလည်း ဖြစ်သည်။ ပွင့်လင်းသော အစိုးရ ဖြစ်ပေါ်မှုကို ဟန့်တားသည်။*

ခင်မောင်ညိုက အထက်ပါအတိုင်း လာဘ်ပေးလာဘ်ယူ မသမာမှုသည် နိုင်ငံတော်ကို ပျက်စီးစေနိုင်ကြောင်းကို တင်ပြလိုက်ပြီးနောက် လာဘ်ပေး လာဘ်ယူ မသမာမှုများ တိုးပွားဖြစ်ပေါ်လာတတ်သော တိုင်းရေးပြည်ရေး အခြေအနေတို့ကိုလည်း သည်သို့ တင်ပြထားသည်။

*စနစ်ဟောင်းကို ဖြိုးဖျက်နေချိန်၊ စနစ်သစ်ကို ခိုင်ခိုင်မာမာ မချမှတ်နိုင်သေးမီ နိုင်ငံရေး၊ တရားရေး နယ်ပယ်တို့တွင် ကွက်လပ်တွေ ဖြစ်ပေါ်နေသည်။ ထို*

mgyoe.com

mgyoe.com



*ကွက်လပ်များတွင် ဘယ်ဟာဖြစ်ဖြစ် ဖြစ်နိုင်သည်။ အပေါင်းထဲလည်း ဘောင်မဝင်တော့။ အသစ်ကလည်း မရှိသေး၍ လွတ်လပ်နေသည်။ မသမာမှုများကို တားဆီးရန် လုံလောက်သော အစီအမံများကလည်း မရှိသေး။ အဆောက်အအုံသစ်၊ အဖွဲ့အစည်းသစ်တွေ တည်ဆောက်ဖို့ ကြန့်ကြာလေ မသမာမှုတွေ အခွင့်ကောင်းရလေ။ ကြာလာတော့ မသမာမှုတွေကိုပင် ထုံးစံတစ်လို တရားဝင်လုပ်ငန်းလို သဘောထားကြပြီး အမြစ်တွယ်ပြီဆိုလျှင် အဖျက်ရ ခက်တတ်သည်။*

ခင်မောင်ညိုက ထိုသို့လျှင် ကမ္ဘာတွင် ဖြစ်ပေါ်ခဲ့သော ဖြစ်ရပ်များ၊ ယနေ့ဖြစ်ပေါ်နေသော ဖြစ်ရပ်များကို ဘောဂဗေဒ သဘောတရားနှင့် ပေါင်းစပ်ပြီး ကိုယ့်တိုင်း ကိုယ့်ပြည်အတွက် သတိပြုတတ်ရန်၊ ပူပင်တတ်ရန် နှိုးဆော်ထားသည်။

ထိုမျှမက လာဘ်ပေးလာဘ်ယူ မသမာမှုများကြောင့် ပြည်သူတို့ မူလက ရည်မှန်းထားခဲ့သည့် နိုင်ငံရေးမျှော်မှန်းချက်ပန်းတိုင်ကြီးများပင် ရွေ့လျားသွားတတ်ကြောင်း၊ သဲရေသွန်ဖြစ်သွားတတ်ကြောင်းကိုလည်း ယင်းသို့ သာဓကများတင်ပြီး သတိပေးထားပါသည်။ ကြည့်ပါဦး -

*လာဘ်ပေးလာဘ်ယူမှုများကြောင့် ယခင် ဆိုဗီယက် နိုင်ငံတွင် ဒီမိုကရေစီပေါ်ထွန်းရန် ခက်ခဲပြီး အာဏာရှင်စနစ်များ ပြန်လည်၍ ထွက်ပေါ်လာနိုင်သည်။ လာဘ်ပေးလာဘ်ယူ များလာခြင်း၊ အကျင့်ပျက်လာခြင်းကို ဒီမိုကရေစီ လက္ခဏာရပ်ဟုပင်*

mgyoe.com

mgyoe.com



အမြင်စောင်းသွားစေနိုင်သည်။ ဈေးကွက်စီးပွားရေးစနစ်၏ အနိဋ္ဌာရုံအဖြစ် အထင်လွဲစေနိုင်သည်။ ပိုလန်နှင့် လစ်သူယေးနီးယား နိုင်ငံတို့၏ အတွေ့အကြုံကို ကြည့်လိုက်လျှင် လက်ရှိအခြေအနေ အပေါ် ပြည်သူလူထု၏ မကျေနပ်မှုကြောင့် ကွန်မြူနစ် လက်ဟောင်းကြီးများ ပြန်လည် အာဏာရလာနိုင်ကြောင်းကို တွေ့ရသည်။

ခင်မောင်ညိုက အမေရိကန် ကာကွယ်ရေးဝန်ကြီးဟောင်း၊ ကမ္ဘာဘဏ် ဥက္ကဋ္ဌဟောင်း မက္ကနာမာရား၏ စကားကို အခြေခံပြီး သည်ဆောင်းပါးကို ရေးထားခြင်းဖြစ်သည်။ မစ္စတာ မက္ကနာမားရားက မသမာမှုဟု ဆိုရာတွင် သာမန်ခါးပိုက်နှိုက်မှု၊ ခိုးမှုမျိုးလောက်ကို ဆိုလိုသည် မဟုတ်။ ဟိုကိစ္စ၊ ဒီကိစ္စလောက်ကလေးအတွက် အရာရှိ ပေါက်စလေးများ တံစိုးလက်ဆောင်ယူကြသည်တို့ကို စကားထဲတွင်ပင် ထည့်မပြော။ ထိပ်တန်းအရာရှိကြီးများ၊ ဝန်ကြီးများ၊ ခေါင်းဆောင်များ၏ မသမာမှုကိုသာ စာရင်းသွင်း ပြောဆိုနေခြင်း ဖြစ်သည်။ ထိုစာရင်းကိုလည်း ကြည့်လိုက်ပါဦး -

(၁) ဒေါ်လာနှစ်သိန်းတန် လုပ်ငန်းအတွက် ငါးရာနှုန်းမျှသော ငွေကို အရာရှိကြီး တစ်ဦးက စိတ်ဝင်စားသည်။

(၂) ဒေါ်လာ နှစ်သန်း၏ ငါးရာနှုန်းကို ထိပ်တန်း အရာရှိကြီး တစ်ဦးက စိတ်ဝင်စားသည်။

mgyoe.com

mgyoe.com



*(၃) ဒေါ်လာ သန်း၂၀၏ ငါးရာနှုန်းသည် ဝန်ကြီးနှင့် သူ၏ လက်ထောက်များနှင့် သက်ဆိုင်သည်။*

*(၄) ဒေါ်လာသန်း ၂၀၏ ငါးရာနှုန်းဆိုလျှင် နိုင်ငံ အကြီးအကဲ တစ်ယောက်၏ အာရုံ ဝင်စားမှုကို ဆွဲဆောင်နိုင်သည်။*

*(၅) အများအားဖြင့် ငါးရာနှုန်းသာ အပေး များသော်လည်း ၁၀ရာနှုန်းမှ ၁၅ရာနှုန်း အထိ မကြာခဏ ကြားနေရသည်။*

ခင်မောင်ညို(ဘောဂဗေဒ) ပြောပြသော မသမာမှု၊ လာဘ်ပေးလာဘ်ယူ ပြုလုပ်မှုတို့သည်လည်း ကြောက်စရာ လန့်စရာ ကောင်းလှပါသည်။ အခြား အခြားသော နေရာများတွင် မသမာမှုပြုလုပ်ခြင်းထက် ပညာရေးတွင် မသမာမှုများ ပေါ်ပေါက်လာပါက နိုင်ငံနှင့်လူမျိုးအတွက် အခြေအမြစ်ကျကျ အန္တရာယ်ကြီးနိုင်သည်ဟုလည်း ဆက်ပြီး တွေးလိုက်မိပါသေးသည်။

mgyoe.com

mgyoe.com



# အဖြေ

'သင့်ဘဝ' မဂ္ဂဇင်းမှာ ခင်မောင်ညို (ဘောဂဗေဒ)၏ 'အဖြေ' ဆောင်းပါးကို ဖတ်ပြီး စိတ်ပျက်လက်ပျက်နှင့်ပင် ရယ်မောလိုက်ခြင်း ဖြစ်မိပါသည်။ တကယ်ပဲ ရယ်မိပါသည်။ သို့သော်လည်း ဦးပုည၏ 'မချိလို့ ပေါ်တဲ့သွားတောင် ရယ်သလားမေးကြရှာတယ်။' ဟူသော စကားကိုလည်း ပြန်ပြီး သတိရမိသည်။

ခင်မောင်ညိုသည် မိမိ၏ တပည့် မျိုးဆက်သစ်များနှင့် အဆက်မပြတ် ရှိနေဟန် တူသည်။ သူရေးလိုက်သမျှမှာ တကယ့်ကို လက်တွေ့ ကွင်းဆင်းလေ့လာပြီး 'ထဲထဲဝင်ဝင်' သိပြီးမှ ရေးသော စာမျိုးဖြစ်သည်။ တကယ့်အဖြစ်အမှန်ကို အခြေခံပြီး ရေးလိုက်သော ဝတ္ထုများတွင် အသေးစိတ်ကအစ အသင့်ယုတ္တိရှိပြီး စာဖတ်သူ ဘဝင်ကျကျ လက်ခံနိုင်လောက်အောင် ဖြစ်လာတတ်သလို ယခုဆောင်းပါးကိုလည်း တကယ့်အဖြစ်မှန်တွေကို ချပြီး ရေးနေတာဟု ခံစားမိလောက်သည်။

စီးပွားရေးတံခါး ဖွင့်လိုက်ပြီးသည့်နောက် ကုမ္ပဏီ ဆိုတာတွေ၊ အင်တာပရိုက်စ် ဆိုတာတွေကလည်း မှိုပေါက်လာလိုက်သလို ဖြစ်နေသည်။ ဦးဘဂျမ်း၏ ကာတွန်းတစ်ခုကို ပြန်ပြီး သတိရမိသည်။ ထိုစဉ်အခါက ဖဆပလခေတ်၊ သွင်းကုန် ထုတ်

mgyoe.com

mgyoe.com



ကုန် လိုင်စင်တွေကို ဖောဖောသီသီကြီး ထုတ်ပေးနေသည့် အချိန်၊ 'ဦးဘယ်သူ၊ ဒေါ်ဘယ်ဝါ အထွေထွေ သွင်းကုန် ထုတ်ကုန် ကုန်သည်ကြီး' ဟူသော ဆိုင်းဘုတ်တွေကလည်း ပလူပျံ နေအောင် များလှသည်။ သောင်းကျန်းသူများ၏ ဘေးရန် ကြောင့် တောကျေးလက်က လူတွေကလည်း ရန်ကုန်မြို့ဆီ ပြေးလာကြသည်။ ဦးဘဂျမ်း၏ ဇာတ်ကောင် တစ်ကောင်က တောရွာက မြို့ပေါ် ပြေးလာသည့် မအူမလည် 'ကိုတေနောင်'။ ရေးထားသည့် အရုပ်က တဲစုတ်ကလေးတစ်ခု။ ထိုတဲစုတ်တွင် ချိတ်ထားသည့် ဆိုင်းဘုတ်က 'ဦးတေနောင်၊ အထွေထွေ သွင်းကုန် ထုတ်ကုန် ကုန်သည်ကြီး' ဆိုပဲ။ သည်တော့ ဦး ဖျောက်ဆိတ်က "အလို. . . ကိုတေနောင်၊ ခင်ဗျားက မြို့ ရောက်လာတာ မကြာသေးဘူး သွင်းကုန်ထုတ်ကုန် လိုင်စင် တွေ ဘာတွေ ရနေပလား"။ သည်တော့ ကိုတေနောင်က "မရပါဘူးဗျာ၊ ခင်ဗျားတို့ မြို့မှာ ဒီဆိုင်းဘုတ်ကို အိမ်တိုင်း ချိတ်ထားကြတော့ မချိတ်မနေရ အမိန့် ထုတ်ထားသလားလို့ လုပ်ထားရတာပါ" တဲ့။

ယခုအချိန်မှာလည်း ဦးတေနောင် ကာတွန်းလိုဟာမျိုးတွေ က မတွေ့ချင်အဆုံးလိုသာ တွေ့နေကြရသည်။ ထိုသို့သော လုပ်ငန်းရှင်တွေ ကုမ္ပဏီတွေအကြောင်း ခင်မောင်ညို ဖောက် သည်ချထားသည်ကို ဖတ်ကြည့်ပါဦး။ ဦးဘဂျမ်းရဲ့ ကာတွန်း လောက်ကို ရယ်ရပါလိမ့်မည်။ ခင်မောင်ညိုကလည်း ဟာသ ရှိသောသူ ဖြစ်သည်။ သို့သော် ဘားနဒ်ရှော ပြောသလိုသာ ပြောလိုက်ချင်သည်။ "ကျုပ်က ရယ်စရာ ပြောတတ်သူ မဟုတ် ပါဘူး။ အမှန်တွေကို ပြောပြနေတာပါ။ အဲဒီ အမှန်တွေ ဆိုတာ တွေကိုက ရယ်စရာဖြစ်နေတာပါ" ဆိုတာမျိုးပါပဲ။ တက္ကသိုလ်

mgyoe.com

mgyoe.com



က ဘွဲ့ရလူငယ်များမှာ အိမ်ကို ဒုက္ခမပေးချင်တော့သော ကြောင့် အလုပ်ရှာကြသည်။ အများဆုံး အလုပ်ခေါ်ကြသည် ကလည်း ပုဂ္ဂလိက လုပ်ငန်းရှင်တွေသာ ဖြစ်သည်။ ခင်မောင်ညို ရေးထားလိုက်တာကို ကြည့်ပါဦး . . .

*အင်္ဂလိပ်စာ တတ်ရမည်၊ ကွန်ပျူတာ သုံးတတ်ရမည် တဲ့။ တကယ်ကျတော့ စစ်မေးသူ ကိုယ်တိုင်က အင်္ဂလိပ်စကားကို သွက်သွက်လက်လက် မပြောတတ်။ ကွန်ပျူတာသုံးဖို့ နေနေသာသာ စာရင်းစာအုပ်တောင် မရှိသည့် လုပ်ငန်းတွေက အများကြီး။*

ဤသို့လျှင် လုပ်ငန်းကြီး တစ်ခုလုံး၏ အခြေအနေကို ကွက်ကွက်ကွင်းကွင်း ပေါ်လာအောင် ရယ်ကာမောကာ ရေးလိုက်သည်။ ပြီးမှ လုပ်ငန်းကို ဦးစီးလုပ်ကိုင်နေသည့် ပုဂ္ဂိုလ်ကျော်များ အကြောင်းကို ဤသို့ သရုပ်ဖော်ပြန်သည်။

*ကိုယ်က အလုပ်လုပ်ချင်သည် ဆိုတော့ ပေးသမျှ သည်းခံပြီး ဖြေရသည်။ လုပ်ငန်းအကြောင်း၊ ဘာသာရပ် အကြောင်းကို နားလည်သူကို မိမိ နားလည်ထားသမျှ ဖြေရသည်က မခက်လှ၊ နားမလည်ဘဲ နားလည်ချင်ယောင်ဆောင်နေသူကို ဘယ်လိုရှင်းပြလို့မှ မရ။*

ဤသို့လျှင် လူတွေ၏ အခြေအနေ၊ လုပ်ငန်းအခြေအနေများကို စာဖတ်သူ စိတ်ပျက် ရယ်မောသွားအောင် တင်ပြထားသည်။ သည်ထက် ရယ်မောစရာကောင်းတာတွေလည်း ပါနေသေးသည်။

mgyoe.com

mgyoe.com



*ကွန်ပျူတာသင်တန်းတွေ၊ အင်္ဂလိပ်စာ သင်တန်းတွေ တက်ပြီးခါမှ ယာဉ်မောင်းလိုင်စင် ရှိသလား၊ မေးသည့် သူတွေကလည်း ရှိသည်။ ပြီးတော့ စီးစရာဆို၍ စက်ဘီးပင်မရှိသည့် လုပ်ငန်းတွေလည်းရှိသည်။*

ဤသို့လျှင် ပေါက်တတ်ကရ ဟန်လုပ်နေကြသည့် လုပ်ငန်းများ၊ လုပ်ငန်းရှင်များ အကြောင်းကို သရုပ်ဖော်ထားပါသည်။ အလုပ်ရှာနေသည့် လူငယ်များအား သတိပြုရန်တွေကို အသိပေးထားလိုက်သကဲ့သို့ ရှိသည်။ ခင်မောင်ညို၏ ဆောင်းပါး အဆုံးသတ်လိုက်ပုံကလေးမှာလည်း ကောင်းလှသည်။ ကြည့်ပါဦး -

*လူငယ်တွေ ဘယ်လဲဟု မေးကြလျှင် လူကြီးတွေကကော ဘယ်လဲဟု ပြန်မေးကြမည်။*

*လူငယ်တွေ ဘာလုပ်နေကြသလဲဟု မေးလျှင် ကျွန်တော်တို့ ဘယ်လူကြီးကို အတုယူကြရမလဲဟု ပြန်မေးကြသည်။*

*အမေးကို အမေးနှင့် ပြန်ဖြေကြသည်ဆိုတော့ အဖြေ မရှိလို့လား။*

ယနေ့လူငယ်တွေကိုယ်စား ခင်မောင်ညိုကို ကျေးဇူးတင်မိသည်။ မိမိတို့ ကိုယ်ကို ပြတ်ပြတ်သားသား သိအောင်လည်း ညွှန်းသည်ဟု ထင်မိသည်။

mgyoe.com

mgyoe.com



## ဘောဂဗေဒပညာရှင်တစ်ဦးနှင့် တွေ့ဆုံခြင်း

ကျွန်တော်က ခေါင်းစဉ်ကို တိုသွားအောင် ချုံ့ပြီး ရေးလိုက်သော်လည်း မူလ ခေါင်းစဉ်မှာ အတော်ကြီး ရှည်လျားပါသည်။ "ဘောဂဗေဒ ပညာရှင်တစ်ဦး၏ ယနေ့ မြန်မာနိုင်ငံထုတ် စီးပွားရေး မဂ္ဂဇင်းများအပေါ် အမြင်" ဟူ၍ ဖြစ်သည်။

မျိုးမြတ်သူက စီးပွားရေးတက္ကသိုလ် ဘောဂဗေဒဌာနမှာ လက်ထောက် ကထိက ဦးခင်မောင်ညိုနှင့် သွားရောက် တွေ့ဆုံရာတွင် ဆရာဦးခင်မောင်ညို (ကလောင်အမည် 'ခင်မောင်ညို (ဘောဂဗေဒ)') က ပြန်လည် ဖြေကြားသည်တို့ကို ရေးသားထားခြင်း ဖြစ်ပါသည်။

ဖတ်လိုက်လျှင် ဖတ်လိုက်ချင်း ကျွန်တော်ရင်ထဲ ငြိသွားသည့် အဖြေကို ပြောလိုက်ရပါဦးမည်။ စာဖတ်သူနှင့် စိတ်သဘောချင်း တိုက်ဆိုင်ရန်တော့ မမျှော်လင့်ပါ။ မျိုးမြတ်သူက ဘောဂဗေဒဆိုင်ရာ ဆောင်းပါးများ ရေးဖြစ်လာပုံအကြောင်းကို မေးလိုက်သည်။ ဖြေလိုက်သည်က -

*"ရေးဖြစ်တာကတော့ ကျောင်းတွေ ပိတ်ထားတဲ့အချိန် စာတွေဖတ်ဖို့ အချိန်ပိုရတဲ့အချိန်မှာ ကျောင်းဆရာဆိုတော့ ကိုယ် ဖတ်ထားမိသမျှ ပြန် သင်ချင်*

mgyoe.com

mgyoe.com



*တယ်၊ ပြန်ပြောချင်တယ်၊ ဒါပေမယ့် ပြောစရာ လူ မရှိတော့ ကိုယ် လေ့လာထားမိတာလေးတွေကို မဂ္ဂဇင်းတွေကို ပို့ကြည့်မိရာက ရေးဖြစ်သွားတာပါပဲ"*

ကျွန်တော်က တက္ကသိုလ် ဆရာဘဝမှာ ကျင်လည်ဖူးခဲ့ လေတော့ ထိုအဖြေကို ချက်ချင်း နှလုံးတွေ့သွားပါသည်။ တက္ကသိုလ် ဆရာကောင်း ဆိုသည်မှာ (တက္ကသိုလ် ဆရာ စစ်စစ်မှန်လျှင်) အချိန်ပိုဟူ၍ မရှိစကောင်း၊ တစ်ခုခု ဖတ်ရှု လေ့လာနေကြရမည်သာ ဖြစ်ပါသည်။ အားအားရှိ ဦးချစ်ဆိုင်မှာ ထိုင်ပြီး လေပစ်နေတာမျိုး၊ ဆရာမတွေ ဆိုလျှင်လည်း မင်္ဂလာဈေး၊ ဗိုလ်ချုပ်ဈေး စသည်တို့ အကြောင်းကိုသာ ပြောနေတာမျိုး မဟုတ်ကြပါ။ ထို့ကြောင့် ကျွန်တော့်ရင်ထဲမှာ ငြိသွားခြင်း ဖြစ်ပါသည်။ ထို့ပြင် တပည့်တွေကို ပြန်ပြီး သင်ပြချင်သည် ဟူသော "ဆရာစိတ်" ကိုလည်း ကျွန်တော် ခံစားမိဖူးပါသည်။ "သားသယ်အမေ နို့တောင့်နည်းမျိုး" ကို ဆရာ ခင်မောင်ညိုက ဆိုလိုကြောင်း ကျွန်တော် ခံစားမိလိုက်ပါသည်။

ဤသည်မှာ ကျွန်တော်တို့ ကျောင်းဆရာ အချင်းချင်း ခံစားမိလိုက်ခြင်းမျှသာ ဖြစ်ပါသည်။

မျိုးမြတ်သူ၏ မေးခွန်းများကို ဆရာခင်မောင်ညိုက ဖြေကြားရာတွင် ကြီးပွားရေး၊ စီးပွားရေး မဂ္ဂဇင်းများတွင် ပါဝင်သော ဆောင်းပါးများမှာ နိုင်ငံခြားမဂ္ဂဇင်းများ၊ စာစောင်များမှ ထုတ်နုတ် ဘာသာပြန်ကြသည်သာ များသောကြောင့် ကျွန်တော်တို့ လက်ရှိအခြေအနေနှင့် လုပ်လို့ကိုင်လို့ မဖြစ်နိုင်ကြသည်သာလျှင် များနေကြောင်းကို အတော်များများကြီး ပြောသွားသည်။

mgyoe.com

mgyoe.com



အခြားအခြားသော အချက်များမှာ စီးပွားရေး ကိစ္စချည်းသာလျှင် ဖြစ်နေသောကြောင့် လူတိုင်း စိတ်ဝင်စားနိုင်လိမ့်မည် မထင်ပါ။ သို့သော်လည်း လူတိုင်း သတိပြုသင့်သည် ဟူသော အချက်နှစ်ချက် သုံးချက်ကိုမူ တင်ပြလိုက်ချင်ပါသေးသည်။ သူပြောသည့်အတိုင်းဆိုလျှင် -

*"ဥပမာတစ်ခု ပြောမယ်၊ ရုံးခန်းတစ်ခန်းကို ဝင်သွားတယ်၊ 'ဟာ ဒီလူတွေကတော့ အလုပ် မလုပ်ကြဘူး' ဝေဖန်တာပေါ့၊ ကောင်းပြီ ဒီလူတွေ အလုပ် မလုပ်ဘူး၊ ခုဟာက ဒီလူတွေ အလုပ်မလုပ်ကြဘူး ဆိုတာလောက်ထိအောင်တော့ ရေးကြတယ်၊ ဘာဖြစ်လို့ အလုပ်မလုပ် ကြသလဲ၊ နောက်က လိုက်ကြည့် ဦးလေ၊ အလုပ် လုပ်နိုင်လောက်တဲ့ တွန်းအား၊ ဆွဲအား၊ မက်လုံး ဘာမှ မရှိဘူး၊ နိုင်ငံခြား ကုမ္ပဏီတွေမှာကျတော့ သူတို့ အလုပ်ကိုပဲ ဖိဖိစီးစီး လုပ်စေချင်တယ် တခြား အလုပ်လုပ်တာ မကြိုက်ဘူး၊ (ဒီတော့ မိသားစု ဘဝပါ လုံခြုံအောင် တန်အောင်လည်း ပေးတယ်၊ တန်အောင်လည်း ခိုင်းတယ်) တို့ဆီမှာက အလုပ်သမားတွေ အလုပ်ရကြပါစေ ဆိုပြီး လခ ၆၀၀ ကျပ်နဲ့ နှစ်ယောက် ခိုင်းတယ်၊ ဒါက တို့ရဲ့ တွေးပုံ ခေါ်ပုံပေါ့၊ သူတို့က တစ်ယောက်တည်းကို ၁၂၀၀ကျပ် ပေးပြီး ခိုင်းတယ်"*

ဤသို့သော ဇဟုသုတမျိုးကို ကျွန်တော်တို့လို စီးပွားရေး ဘောဂဗေဒ လူပြိန်းများ သိခွင့်ရလိုက်ပါသည်။ ထို့ပြင် ပြဿနာ

mgyoe.com

mgyoe.com



တစ်ရပ်ကို ကြည့်လိုက်လျှင် အပြစ်ကို ဝေဖန်နေရုံနှင့် မပြီးဘဲ ကုစားနိုင်စိမ့်သောငှာ အကြောင်းရင်းကိုပါ ရှာဖွေ ရေးသင့်ကြောင်း ပြောထားပါသည်။ သို့သော်လည်း ဆရာ ခင်မောင်ညို က ဤကဲ့သို့ မရေးကြသည်မှာ အခြားအကြောင်းများလည်း ရှိနိုင်ပါသေးသည်ဟု ဖြည့်စွက်တင်ပြလိုက်သည်ဖြစ်ရာ သူ့စကားနှင့် အပြုအမူ ညီသည်ဟု ချီးမွမ်းလိုပါသည်။

ဆရာခင်မောင်ညိုတင်ပြထားသော နောက်တစ်ချက်ကို ကျွန်တော်တို့ မဂ္ဂဇင်းသမားများ အထူးသတိပြုသင့်ပါသည်။ အတွေ့အကြုံ များလှသော ဝါရင့် သက်ရင့် ပုဂ္ဂိုလ်ကြီးများထံ တွေ့ကြုံဆွေးနွေး၍ ပညာယူထားသင့်ကြောင်း အကြံပေးထားခြင်း ဖြစ်ပါသည်။

> *"ဥပမာ ဦးခင်မောင်ညွန့်တို့လိုပေါ့၊ ဦးခင်မောင်ညွန့်ဆိုရင် သီတဂူကပ္ပိယကာရက၊ ဒီလောက်ပဲ လူသိများတယ်၊ သူတို့ဆီမှာ အတွေ့အကြုံအတော်များများ ရှိကြတယ်ဆိုတာကို မသိကြဘူး၊ သူတို့တစ်တွေကလည်း ကြီးကြပြီဆိုတော့ အချိန်ရှိတုန်း များများ ယူနိုင်သလောက် ယူထားကြဖို့ လိုလိမ့်မယ်"*

ဦးခင်မောင်ညို၏ အကြံပြုချက်ကို စီးပွားရေးနယ်ပယ်တွင်မျှသာ မဟုတ်ပါ။ အခြားအခြားသော အုပ်ချုပ်ရေး စသည့် နယ်ပယ်များတွင်လည်း ဤသို့ သက်ရင့်ဝါရင့် ပုဂ္ဂိုလ်ကြီးတွေ များစွာ ရှိပါသည်။ ယခုတော့ စာပေလောကရှိ လူများကသာ မိမိတို့၏ အတွေ့အကြုံကို ပြန်ပြီးရေးတတ်သားတတ်ကြသည်။ ထိုထိုသော အခြားပုဂ္ဂိုလ်ကြီးများ၏ အတွေ့အကြုံကိုလည်း

mgyoe.com

mgyoe.com



ကျွန်တော်တို့ တစ်တွေရရှိရန် ဝိုင်းဝန်းကြိုးပမ်းသင့်ကြသည်ဟု သဘောရပါသည်။

*"ပညာသင်ခြင်းဆိုသည်မှာ အတွေ့အကြုံ လက်ဆင့် ကမ်းခြင်းပင် ဖြစ်သည်" မဟုတ်ပါလား ခင်ဗျား။*

ဦးခင်မောင်ညို၏ အကြံပြုချက် နောက်တစ်ချက်မှာ စီးပွားရေး ပညာသင်ကြားမှုကို ပြည်သူပိုင် ပညာရေးစနစ် တစ်ခုတည်းနှင့် မလုံလောက်တော့သောကြောင့် ပုဂ္ဂလိက စီးပွားရေး လုပ်ငန်းကျောင်းများ၊ နောက်တစ်ဆင့် တက္ကသိုလ် ဘာသာရပ်များထိအောင် ပုဂ္ဂလိက ကျောင်းများ ဖွင့်ခွင့်ပြုသည် အထိ စဉ်းစားသင့်ကြကြောင့်ကိုပါ တင်ပြသွားပါသည်။

ဆရာဦးခင်မောင်ညိုက တိုင်းပြည်စီးပွားရေး ကြီးပွားရေး စိတ်ဝင်စားသူများအတွက် စဉ်းစားစရာ များစွာကို တင်ပြလိုက်သည်ဟု ကျွန်တော်သဘောရမိပါသည်။

အောင်သင်း

mgyoe.com

mgyoe.com

# လာဘ်နှင့် စီးပွားရေး

## (၁)

အနှောင်အဖွဲ့များ၊ အချုပ်အချယ်များ၊ အဟန့်အတားများကြောင့် ထိုအနှောင်အဖွဲ့၊ အချုပ်အချယ်၊ အဟန့်အတားတို့ကို ကျော်လွှားရန် လာဘ်ပေးလာဘ်ယူမှုများ ပေါ်ပေါက်လာရသည်ဟု အဆိုရှိသည်။ ထို့ကြောင့် လာဘ်ပေးလာဘ်ယူမှုသည် စီးပွားရေး လုပ်ငန်းများကို လျင်မြန်သွက်လက်စွာ လည်ပတ် လှုပ်ရှားစေနိုင်သဖြင့် စီးပွားရေးဖွံ့ဖြိုးမှုကို အထောက်အကူ ပြုနိုင်သည်ဟု ကောက်ချက်ချသူကလည်း ချသည်။

## (၂)

လာဘ်ပေးလာဘ်ယူမှု အများဆုံးနိုင်ငံများ အကြောင်းပြောကြလျှင် ဘရာဇီးနှင့် နိုင်ဂျီးရီးယားတို့ ရှေ့ဆုံးက ပါနေကြသည်။ လာဘ်ပေး လာဘ်ယူမှုများသော်လည်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူ မပြုပေ။ အထောက်

mgyoe.com

mgyoe.com


အကူ မဖြစ်သည့်အပြင် အဟန့်အတားပင် ဖြစ်နေသေးသည်။ ကိုယ်ကျင့်သီလ စောင့်ထိန်းမှုနှင့် စီးပွားရေးဖွံ့ဖြိုးမှု ဆက်စပ်နေသည်ဟု ဆိုရမည်လား။

အစိုးရဝန်ထမ်းများက အစိုးရပိုင် ပစ္စည်းများကို အများပြည်သူသို့ ရောင်းချရာ၌ဖြစ်စေ၊ ခွင့်ပြုလက်မှတ်တွေ လိုင်စင်တွေ ထုတ်ပေးရာ၌ ဖြစ်စေ မိမိ၏ ကိုယ်ကျိုးစီးပွားအတွက် မသမာမှု ပြုခြင်းသည် အများအကျိုးကို ထိခိုက်စေနိုင်သည်။

ဥပမာ- အစိုးရ ကန်ထရိုက်တစ်ခုကို ရဖို့အတွက် လာဘ် အများဆုံး ပေးနိုင်သော လုပ်ငန်းတစ်ခုသည် တကယ်တော့ အသင့်တော်ဆုံး ကုမ္ပဏီ ဖြစ်ကောင်းမှ ဖြစ်မည်။ နည်းမှန်လမ်းမှန် ကြိုးစားခြင်းထက် မသမာသော နည်းလမ်းဖြင့် ကြိုးစားခြင်းက ပိုမို အောင်မြင်နိုင်သည်ဟု ယူဆသော အတွေးအခေါ်များ ပျံ့နှံ့သွားလျှင်၊ အခြားသူများလည်း အလားတူ လိုက်လံပြုမူ ဆောင်ရွက်ကြပေလိမ့်မည်။ ရိုးသားသော၊ ကြိုးစားသော၊ ကျွမ်းကျင်သော လုပ်ငန်းများကို ဟန့်တားရာ ရောက်ပေသည်။ အရေးအကြောင်းဆိုလျှင် အမှန်အကန် လုပ်ငန်းများက နောက်ဆုတ်နေကြပေလိမ့်မည်။

## (၃)

သို့သော် တစ်ဖက်ကလည်း လာဘ်ပေးလာဘ်ယူ နာမည်ကျော် နိုင်ငံအချို့၌ စီးပွားရေး ဖွံ့ဖြိုးတိုးတက်နေသည်ကို

mgyoe.com

mgyoe.com


တွေ့ရသည်။ သည်လိုဆိုပြန်တော့လည်း ကိုယ်ကျင့်တရားနှင့် စီးပွားရေး ဖွံ့ဖြိုးမှု မဆက်စပ်သယောင်။

လာဘ်ပေးလာဘ်ယူ သက်သက်က စီးပွားရေး ဖွံ့ဖြိုးမှုနှင့် မဆက်စပ်ဘဲ လာဘ်ပေးလာဘ်ယူမှု ဖြစ်ပေါ်လာပုံကသာ အရေးကြီး နေသည်ဟု လေ့လာသူ အမေရိကန် ပညာရှင်နှစ်ဦးက ဆိုသည်။ သူတို့အဆိုကို လျှော့လျှော့ပေါ့ပေါ့ တွက်၍ မရ။ လောလောဆယ်တွင် ရုရှားအစိုးရ၏ စီးပွားရေး အကြံပေးပုဂ္ဂိုလ်များအဖြစ် တာဝန် ထမ်းဆောင်နေကြသူများ ဖြစ်သဖြင့် လာဘ်ပေးလာဘ်ယူတွေနှင့် ဘယ်လောက် ယဉ်ပါးနေမည် မသိ။ ကွန်မြူနစ်ဝါဒ မပြိုလဲမီကပင် ရုရှား၌ လာဘ်ပေးလာဘ်ယူမှုများ အားကောင်းခဲ့ရာ ယခုအထိ ပန်းပန်နေဆဲ။ သို့သော် လာဘ်ပေး လာဘ်ယူလုပ်မှု ပုံသဏ္ဌာန်ကတော့ ပြောင်းသွားသည်။

လာဘ်ပေးလာဘ်ယူမှုကြောင့် စီးပွားရေး အဆောက်အအုံ အပေါ် ဘယ်လောက် ပျက်စီး ထိခိုက်စေသလဲ ဆိုသည်မှာ ပြောရခက်လှသည်။ ဝန်ဆောင်မှုတွေ၊ ကုန်ပစ္စည်းတွေကို အစိုးရ တစ်ဦးတည်းကသာ လက်ဝါးကြီးအုပ် ချုပ်ကိုင် ရောင်းဝယ်နေချိန်တွင် လာဘ်တောင်းသော အရာရှိများကို တွေ့ရတတ်သည်။ သို့မဟုတ်ပါက လာဘ်တောင်းသူနှင့် မဆက်ဆံပဲ၊ လာဘ်မပေးရသော အခြားသူ တစ်ဦးတစ်ယောက်နှင့်သော်လည်းကောင်း၊ နည်းနည်းသာ တောင်းသူနှင့်သော်လည်းကောင်း ဆက်ဆံနိုင်သည်။

mgyoe.com

mgyoe.com


လက်ဝါးကြီး အုပ်ခွင့်ရ အစိုးရဝန်ထမ်း တစ်ဦးက လာဘ်တောင်းခံခြင်းအားဖြင့် ဈေးနှုန်းတွေ တက်စေသည်။

၁၉၉၁ ခုနှစ်က ရုရှတွင် လုပ်ငန်း စတင် တည်ထောင်ရန် ကြိုးပမ်းသူ လုပ်ငန်းရှင်တစ်ဦးသည် ဒေသအာဏာပိုင်များကို ပေးရ၊ ဗဟို အာဏာပိုင်များကို ကမ်းရ၊ အာဏာပိုင်များကို စည်းရုံးရ၊ ရဲကိုလည်း ပေါင်းရ၊ လူဆိုးဂိုဏ်းတွေနှင့်လည်း တည့်အောင် နေရသဖြင့် အတော် ဗျာများခဲ့သည်။ တစ်ဦးတစ်ယောက်ကို ပေးပြီး မျှစားကြသည်ထက် ဟိုလိုက်ပေးရ၊ သည်လိုက်ပေးရတွေက ပိုပြီး အကုန် အကျများသည်။ လာဘ်ပေးလာဘ်ယူသာ နည်းလျှင် လုပ်ငန်းရှင် အငယ်တွေ၊ အရင်းအနှီး နည်းနည်းသာ ရှိသူတွေပင် လုပ်ငန်း တည်ထောင်နိုင်ကြမည်။

လာဘ်နည်းနည်း၊ စရိတ် သက်သက်သာသာဖြင့် လုပ်ငန်း များများ တည်ထောင်နိုင်လျှင် စီးပွားရေး လျင်မြန်စွာ ဖွံ့ဖြိုး တိုးတက်လာနိုင်သည်။ ထိုအခါ လာဘ်ငွေလည်း တိုးပွားလာနိုင်သည်။

## (၄)

လူတကာက သူ့အတွက် အမိအရ၊ အလုအယက် ရနိုင်သမျှ ရအောင် ကြံဖန်နေခြင်းမျိုးနှင့် စာလျှင် စနစ်တကျ စည်းကမ်းရှိရှိ လာဘ်ယူကြ၊ ပေးကြခြင်းသည် စီးပွားရေး တိုးတက်မှုကို အထိအခိုက် နည်းစေနိုင်သည်ဟု ဆိုကြပါသည်။ စည်းကမ်းဆို၍ သိပ်ကြီးကြီးကျယ်ကျယ် စည်းကမ်း

mgyoe.com

mgyoe.com


မျိုးကို မဆိုလိုပါ။ တော်ရုံတန်ရုံ လောက် လုပ်ငန်းကိုလည်း မထိခိုက်၊ ပေးသူကိုလည်း မထိခိုက်သော ကိစ္စမျိုးတွင် လျစ်လျူရှုထားပြီး ကြီးကြီးမားမား ထိထိခိုက်ခိုက် လုပ်လျှင် ထိထိရောက်ရောက် အရေးယူနိုင်ပါသည်။ ဥပမာ ရုရှတွင် ကွန်မြူနစ်စနစ်အောက် ရှိစဉ်ကလည်းကောင်း၊ ဂျပန်တွင် အယ်ဒီပီ ပါတီ အာဏာရစဉ်ကလည်းကောင်း ဤစည်းကမ်း မျိုးကို ထားရှိခဲ့ကြပါသည်။ တစ်ဖန် လာဘ်ပေးလာဘ်ယူမှု ကို ယုံကြည်စိတ်ချလောက်သော လူတစ်စုကိုသာ ခွင့်ပြု ခြင်းဖြင့် ထိန်းရကျောင်းရ လွယ်ကူသည် ဟု ဆိုပါသည်။

အစိုးရပိုင် လုပ်ငန်းတစ်ခုမှသာ မဟုတ်တော့ဘဲ အစိုးရပိုင် လုပ်ငန်း အတော်များများက ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှု အမျိုးမျိုးကို ရယူရန် လိုအပ်ပြီဆိုလျှင် အလုပ် အတော်ရှုပ်ကာ ငွေကုန်ကြေးကျ အတော် များတော့မည်။

အစိုးရဈေးအပြင် အပိုပေးရသော စရိတ်စကတွေ ကြောင့် ဈေးတက်ရသည်။ ဈေးတက်ရောင်းလျှင် ဝယ် အား ကျမည်၊ လုပ်ငန်းတွင် ရေရှည်အလုပ်လုပ်ရန် ကြံရွယ် သူ ဆိုလျှင် အရှည်ဆက်ဆံနိုင်ရန် လာဘ် အနည်းငယ်သာ တောင်းပေလိမ့်မည်။ ဤသို့ မဟုတ်ဘဲ တစ်နပ်စားကြံသူ၊ အပွကြံသူဆိုလျှင် တစ်ချီတည်း၊ တစ်ကြိမ်တည်းဖြင့် များများ တောင်းပေလိမ့်မည်။

ဤသည်မှာ လုံးဝပပျောက်အောင် မလုပ်နိုင်သော လာဘ်ပေး လာဘ်ယူမှုကို ထိန်းချုပ်သည့် နည်းများ ဖြစ် ပါသည်။

mgyoe.com

mgyoe.com


# (၅)

အချို့ပညာရှင်များက လာဘ်ပေးလာဘ်ယူ လုပ်ကြခြင်းကို ပြစ်မှု တစ်ခု အနေထက် ဝန်ဆောင်မှုတစ်ခုအနေဖြင့် ရှုမြင်ကြပါသည်။ သို့ဖြစ်၍ ဘယ်လောက်ပေးရပြီး ဘယ်လောက် ဆောင်ရွက်ပေးသလဲ၊ ဘယ်လောက် ပြန်ပေးသလဲ ဆိုသည်ကို ပို၍ စိတ်ဝင်စားကြပါသည်။ ထို့ကြောင့် ဘယ်တော့မှ မပျောက်ပျက်နိုင်မည့် ကိစ္စကို အပြတ်အသတ် ချေမှုန်းဖို့ထက် အလုပ်ဖြစ်အောင် ဘယ်လိုလုပ်ကြမည်ကို အာရုံဝင်စား နေကြခြင်း ဖြစ်ပါသည်။

ဥပမာ - ရုရှက လုပ်ငန်းရှင်တစ်ယောက်အနေဖြင့် အရာရှိ တစ်ယောက်ကို အနည်းအကျဉ်း ပေးကမ်းထားခြင်းဖြင့် သူ့ လုပ်ငန်းကို သူ စိတ်ချလက်ချ လုပ်နိုင်သည်။ ပေးရကမ်းရတာ "တန်"သည်ဟု ယူဆသည်။ ဤသို့သော ထွက်ပေါက်တွေ များလေ၊ အလုပ်လုပ်လို့ ကောင်းလေဟု မြင်သည်။ သို့သော် တောင်း၍ရမှန်း သိပြီး ဟိုက လာတောင်း၊ ဒီက လာတောင်းတွေ များနေ၍ လုပ်ရကိုင်ရ ပိုခက်တာမျိုး၊ ရတာထက် ပေးရတာ များနေတာမျိုး၊ ပေးရတာတွေ အတွက် နောက်ဆုံးတွင် စားသုံးသူတွေအပေါ် ဝန်ပိစေတာမျိုး တွေကိုလည်း တွေ့ကြရပါသည်။ ထို့ကြောင့် လာဘ်ယူပြီး ဝန်ဆောင် ပေးသလား၊ ဝန်ပိစေသလား ဆိုတာ ပြောရခက်လှပါသည်။

အချို့ ပညာရှင်တွေက လာဘ်ပေးရခြင်းကို

mgyoe.com

mgyoe.com


အခွန်ဆောင် သည့်သဖွယ် သဘောထားကြသည်။ ထို့ကြောင့် ဝန်မပိစေသည့် အတိုင်းအတာအထိ၊ အခွန်ဆောင်တာမျိုးကို မကန့်ကွက်ကြပါ။ အခွန်လည်းရစေ၊ ဝန်ဆောင်ပေးသူလည်းအကျိုးရှိရစေ၊ အခွန်နှင့် လာဘ်ကို ပေးရသူများလည်း ဝန်ထုပ်ဝန်ပိုး သက်သာကာ လုပ်ရကိုင်ရ လွယ်စေဆိုသော သဘောမျိုးကို နှစ်ခြိုက်ကြပါသည်။ သီအိုရီအရ ပြောကြလျှင် အခွန်ကောက်ပြီး ဝန်ထမ်းတွေကို ထောက်ပံ့ရသည်နှင့် ဝန်ထမ်းများ ကိုယ်တိုင်က လာဘ်ယူပြီး ကိုယ့်ဘာသာ ကိုယ် ထောက်ပံ့ကြခြင်းမျိုးသည် မထူးလှပါ။

(၆)

စနစ်တကျ လာဘ်ပေးလာဘ်ယူမှုလုပ်ခြင်းကြောင့် အကျိုးများမည် (သို့မဟုတ်) အန္တရာယ်များမည်ဟု ခြုံပြောရန် ခက်ပါသည်။ ကိစ္စတစ်ခုချင်းကို လိုက်၍သာ ပြောနိုင်ဖွယ်ရာ ရှိပါသည်။

လာဘ်ပေးလာဘ်ယူမှုသည် မကောင်းမှန်း လူတိုင်းသိပါသည်။ မကောင်းမှန်း သိ၍ လာဘ်ပေးလာဘ်ယူ ပြုကြလျှင် တိတ်တိတ် လုပ်ကြတာ များသည်။ မဖုံးနိုင် မဖိနိုင်သည့် အခါများတွင်သာ ဟိုးလေး တကြော်ကြော်ဖြစ်ကာ ဘူးပေါ်သလို ပေါ်လာလေ့ ရှိသည်။ ပြည်တွင်းက သိ ပြည်ပက သိပြီး ကမ္ဘာကျော်သွားသည့် အဖြစ်မျိုးကို

mgyoe.com

mgyoe.com


မည်သူမျှ မလိုလားကြပါ။

အချို့ဝန်ထမ်းများကလည်း အကျိုးရှိမည့် ကျန်းမာရေး၊ ပညာရေးလုပ်ငန်းမျိုးတွင် အသေးစား ရင်းနှီးမြှုပ်နှံမှုထက် တောင်းလို့ ကောင်းမည့် အကြီးစားလုပ်ငန်းကြီးများတွင် ရင်းနှီးမြှုပ်နှံမှုကို သဘောကျတတ်ကြပါသည်။ လုပ်ငန်းကြီးတော့ လာဘ်ပေးရတာ မသိသာဟု တွက်ဆကြပါသည်။

(၇)

တစ်ခု ပြောစရာ ရှိသည်မှာ တိတ်တိတ် လာဘ်ပေး လာဘ်ယူ လုပ်နေကြတာတွေကို ဘယ်လိုလုပ် သိပြီး နည်းတယ် များတယ် ပြောနိုင်သနည်းဟု မေးစရာ ရှိပါသည်။

ဘယ်လိုပဲ ဖြစ်ဖြစ်၊ ကာယကံရှင်တွေကတော့ သိကြမည်သာ။ အနည်းဆုံးတော့ ပေးသူ ယူသူ နှစ်ဦး နှစ်ဘက်က သိကြသည်။ သည်တော့လည်း ပါးစပ်ပေါက် တစ်ခုကိုပင် ပိတ်ဖို့ ခက်ရာ နှစ်ပေါက် ဆိုတော့ တော်တော်ကို ခက်မည်။

တစ်ဖန် တရားဝင်ခွင့်ပြု၍လည်း မဖြစ်နိုင်။ ထောင့်စေ့အောင်လည်း မထိန်းနိုင်သောအခြေအနေတွင် မျက်စိကြီး နားကြီး သတင်းစာများက အနံ့ခံနိုင်ကြသည်သာ။

သိအိုရီအရရော၊ လက်တွေ့ပါ တွေးကြခေါ်ကြ၊ ပြောကြ ဆိုကြ၊ လုပ်ကြကိုင်ကြပုံများကတော့ စိတ်ဝင်စားစရာ။ သို့သော် စိတ်ဝင်စားသည်ထက်တော့ မပိုပါ။

❑

mgyoe.com

mgyoe.com

# ကံနှင့် စီးပွားရေးဖွံ့ဖြိုးမှု

## (၁)

ကံကို ယုံကြည်သော ဗုဒ္ဓဘာသာဝင်မြန်မာတို့က လူတစ်ဦး တစ်ယောက်၏ တိုးတက်မှုသည် အတိတ်ကံ(ကံ) နှင့် ပစ္စုပ္ပန်ကံ (ဉာဏ်၊ ဝီရိယ)တို့အပေါ်တွင် မူတည်သည်ဟု ယုံကြည်ကြသည်။

အလားတူပင် နိုင်ငံတို့၏ တိုးတက်မှုသည်လည်း ကံ အပေါ်တွင် မူတည်သလား၊ အခြား အကြောင်းတရားများအပေါ်တွင် မူတည်သလား အမေးထုတ်ကြပြန်သည်။

တစ်ခု ထူးခြားသည်မှာ လူတစ်ယောက်တွင် ကံ အနိမ့်အမြင့်၊ ကံအတက်အကျ ရှိသလို နိုင်ငံများတွင်လည်း တက်ချိန်၊ ကျချိန်ဟု ရှိသည်။ တစ်သမတ်တည်း တက်နေသော (သို့မဟုတ်) တစ်ချိန်လုံး ကျနေသော နိုင်ငံဟူ၍ ယေဘုယျအားဖြင့် မရှိတတ်ပေ။ ခြွင်းချက် သဘောလောက်သာ ရှိတတ်သည်။ ထို့ကြောင့် ဘယ်အချိန်တွင် ဘာကြောင့် တက်သည်၊ ကျသည်မှာ နိုင်ငံတို့၏ ကံကြမ္မာ

mgyoe.com

mgyoe.com


နှင့် ဆက်စပ်မှုရှိသလား စဉ်းစားလာကြသည်။ ဥပမာ - ဆယ်နှစ်လောက် စီးပွားရေး တက်လာပြီး နောက်ထပ် ဆယ်နှစ်လောက် စီးပွားရေး ကျသွားခြင်းမျိုးကို မည်သည့် စီးပွားရေး ဖြိုဟ်စီးဂြိုဟ်နင်း အပြောင်းအလဲကြောင့်လဲဟု တွေးစရာ ဖြစ်လာသည်။

နိုင်ငံတို့၏ စီးပွားရေး ကံဇာတာတွင် ကြိုတင် မမျှော်မှန်းနိုင်သော သဘာဝ ဘေးဒဏ်များ၊ နိုင်ငံတကာ အပြောင်းအလဲများ နှင့် တွေ့ကြုံရတတ်သည်။ ဥပမာ - မိုးခေါင်ရေရှားဒဏ်၊ လေမုန်တိုင်းဒဏ်တို့ကြောင့် စီးပွားရေး ကျဆင်းသွားတတ်သည်။ မိမိတိုင်းပြည် အဓိက အားကိုး နေရသော ပို့ကုန်၏ ကမ္ဘာ့ဈေးကွက် ပေါက်ဈေးမှာ ရုတ်တရက် ထိုးကျသွားလျှင်လည်း ဒုက္ခရောက်ကြရသည်။

အလားတူပင် ရာသီဥတု မကြုံစဖူး ကောင်းမွန်ခြင်း၊ မိုးဦး၊ မိုးလယ်၊ မိုးနှောင်း သုံးမိုးစလုံး မျှတခြင်း၊ မိမိ၏ ပို့ကုန်များ ဈေးကောင်းမိခြင်းတို့နှင့် ကြုံသောအခါ စီးပွားရေး တိုးတက်သွားတတ်သည်။

ရယ်စရာတစ်ခု ပြောပြလိုပါသည်။ အတိတ်က မြန်မာ့စီးပွားရေးသမိုင်းကို ပြန်လည် တူးဆွကြည့်သော အခါ ကမ္ဘာ့ဈေးကွက်တွင် ဆန်ဈေးကောင်းနေချိန် မြန်မာ တို့တွင် ဆန်ရောင်းစရာ မရှိ။ ကမ္ဘာ့ဈေးကွက်တွင် ဆန် ဈေး ကျနေချိန်၌ ဆန်တွေ ပုံနေသည့် အဖြစ်မျိုးတွေ တွေ့ရဖူးပါသည်။ တစ်ကြိမ်မက တိုက်ဆိုင်လှ၍ ကံဟုပင် အပြစ်ပုံချ၍ ရမည် မထင်ပါ။ ကမ္ဘာတွင် ရာသီဥဟု

mgyoe.com

mgyoe.com


မကောင်း၍ ဆန်ဈေးတက်နေချိန်တွင် မြန်မာနိုင်ငံ၌လည်း ရာသီဥတုမကောင်း၍ ဆန်အထွက်လျော့ပြီး ရောင်းစရာ မရှိ။ တစ်ကမ္ဘာလုံး ရာသီဥတု ကောင်းနေချိန်တွင် မြန်မာ နိုင်ငံ၌လည်း အထွက်ကောင်းပါလျက် ဈေးကောင်းမရ။ သည်လိုနှင့် ကမ္ဘာ့ဆန်ဈေးကွက်မှ မြန်မာတို့ တဖြည်း ဖြည်း နောက်ဆုတ်လာစဉ် အိမ်နီးချင်းနိုင်ငံများက မြန်မာ့ နေရာ ဝင်ရောက်လာသည်။ ဆန်ဈေး တက်တက် ကျကျ ဆန် အထွက်ကောင်းအောင် လုပ်နိုင်ခဲ့ကြသည်။

အလားတူပင် ရေနံဈေးတွေ ထိုးတက်သွားပြီး ကံဆိုး မိုးမှောင်ကျနေသော အခြေအနေ၌ပင် ရေနံကို ချွေတာသောနည်းများ သုံးပြီး တိုးတက်အောင် လုပ်နိုင်သည့် နိုင်ငံများ ရှိသည်။ ရေနံဈေးကြီး၍ ဆိုပြီး အပြစ်ပုံချသည့် နိုင်ငံများလည်းရှိသည်။ ဈေးကောင်းရသော ရေနံမှ ရငွေများကို သုံးကြရတာချင်း အတူတူ၊ တိုးတက်မှု မြန် သည့် နိုင်ငံများ ရှိသလို တိုးတက်မှု နှေးကွေးသည့် နိုင်ငံ များလည်း ရှိသည်။ အခြေအနေကို ရင်ဆိုင်ပုံအပေါ် မူ တည်ပြီး ကံဆိုးကံကောင်း ကွဲသွားလေသလား။

(၂)

၁၉၆၀ပြည့်လွန်နှစ်များက တွက်ကိန်းများတွင် မြန်မာနှင့် ဖိလစ်ပိုင်တို့ကို အတော်အထင်ကြီးခဲ့ကြဖူးသည်။ ထိုစဉ်က မြန်မာနိုင်ငံ သည် ကမ္ဘာ့အဆင့်မီ အထည်အလိပ်တွေကို ထုတ်လုပ်နိုင်ခဲ့သည်။

mgyoe.com

mgyoe.com


ကျန်အာရှ ဒေသ တစ်ခုလုံးကို မည်သူမျှ စာရင်းထဲ ထည့်မတွက်ခဲ့ကြပေ။ လက်တင်အမေရိက၊ အာဖရိက၊ အရှေ့အလယ်ပိုင်းတို့၏ နောက်၌သာ စာရင်းသွင်းခဲ့ကြသည်။ အာရှတိုက်သည် ခရစ်နှစ် ၂၀၀၀ကျော်မှ ချမ်းသာမည်ဟု တွက်ခဲ့ကြဖူးသည်။ အာဖရိက က ရှေ့က ရောက်နေမည်ဟု ထင်ကြသည်။ ယခု ပြောင်းပြန် တွက်နေကြပြန်ပြီ။

ကံကြမ္မာ အလှည့်အပြောင်းတွင် ကံကောင်းနေရာမှ ကံဆိုး၊ ကံဆိုးနေရာမှ ကံကောင်းသွားတတ်သည့် အဖြစ်မျိုးတွေကို ထည့် မတွက်မိတတ်ကြဘဲ ရှိသည်။

ပြည်ပကုန်သွယ်ရေး၌ မထင်မှတ်ဘဲ မိမိကုန်စည် ဈေးကောင်း မိသွားလျှင် တိုင်းပြည်ဝင်ငွေ ၁% ပို တက်လာတတ်သလို ကျဈေးမိသွားလျှင် ၁% ကျသွားတတ်သည်။ ဤသို့ဆိုလျှင် ကျန်တိုင်းပြည် ဝင်ငွေတိုးတက်နှုန်းမှာ မထင်မှတ်မမျှော်လင့်သော အပြောင်းအလဲများကြောင့် မဟုတ်ဘဲ ထင်မှတ် မျှော်လင့်သည့် အကြောင်းတရားများကြောင့် ဖြစ်နေပေသည်။

ကံကောင်းအကြောင်းလှ၍ စီးပွားရေးစန်းပွင့်ချိန်နှင့် ကြုံကြိုက် ပြီဆိုလျှင်လည်း သိပ်တော့ မကြာလှ။ ၅နှစ်ခန့်သာ ဖြစ်သည်။ ကံဆိုး၍ စီးပွားရေး ကျချိန်နှင့် ကြုံလျှင်လည်း ၅နှစ်ခန့်သာ ဖြစ်သည်။ စီးပွားရေး သံသရာကြီး တစ်ခုလုံးနှင့် ယှဉ်လိုက်လျှင် "ရေပွက်ပမာ"သာ ဖြစ်သည်။

mgyoe.com

mgyoe.com


သာမာန်စီးပွားရေး အခြေအနေကောင်းတာမျိုးနှင့် ကြုံလျှင် ၅နှစ် အတွင်း တိုင်းပြည်ဝင်ငွေ ၁၀%လောက် တိုးလာပြီး ထူးထူးကဲကဲ ဆိုလျှင် ၃၀%လောက် တက်လာနိုင်သည်။ ၅နှစ် လောက် စီးပွားရေးကျလျှင် တိုင်းပြည် ဝင်ငွေ ၁၅%လောက် လျော့သွားတတ်သည်။

(၃)

ကံကောင်းလို့ ဖြစ်စေ၊ ကံဆိုးလို့ပင် ဖြစ်စေ၊ ကံဆိုးမှ ကံကောင်း၊ ကံကောင်းမှ ကံဆိုးကို ပြောင်းလဲပစ်နိုင်သည်မှာ ထိုတိုင်းပြည်၏ စီးပွားရေး မူဝါဒများပင် ဖြစ်သည်ဟု ပညာရှင်များက ဆိုလာကြပြန်သည်။ အထောက်အထားများလည်း ရှိသည်။ ကုန်သွယ်မှုကို ဦးစားပေး၊ ပြင်ပကမ္ဘာနှင့် အထိအတွေ့များ၊ ဈေးကွက်ကို ချစ်ကျွမ်းဝင်သော မူဝါဒများက ကံဆိုးကံကောင်း အပြောင်းအလဲကြားမှပင် နိုင်ငံကို အကောင်းဘက်သို့ ဆွဲတင်နိုင်ကြသည်။

နှစ် ၃၀လောက်အတွင်း ဖြည်းဖြည်းနှေးနှေး တိုးတက်နေသော နိုင်ငံများနှင့် မြန်မြန်ဆန်ဆန် တိုးတက်နေသော နိုင်ငံများကို ယှဉ်ကြည့်ကြသည်။ ထိုသို့ ယှဉ်ကြည့်သောအခါ တိုးတက်မှု မြန်သော နိုင်ငံများ၌ ရင်းနှီးမြှုပ်နှံမှု နှစ်ဆလောက် တိုးခဲ့ခြင်း၊ ငွေဖောင်းပွနှုန်း တစ်ဝက်လောက်သာ ရှိအောင် ထိန်းထားနိုင်ခြင်း၊ ပို့ကုန် နှစ်ဆ တိုးခဲ့ခြင်း၊ ပညာရေးကို ဦးစားပေးခြင်း၊ ကျောင်းသား ဦးရေ ၄ဆ တိုးခဲ့ခြင်း၊ မူလတန်းကျောင်းသားဦးရေ ၂ဆ တိုးခဲ့

mgyoe.com

mgyoe.com


ခြင်း စသော ဉာဏ်ပိုင်း၊ ဝီရိယပိုင်းတွေကို တွေ့ရသည်။ ရင်းနှီးမြှုပ်နှံရန် အခွင့်သာသော ဝန်းကျင်ကို ဖန်တီးပေးရုံမျှ သာမက ရင်းနှီးမြှုပ်နှံ၍ အကျိုးဖြစ်ထွန်းနိုင်အောင် စီမံပေးကြသည်။

တစ်နည်းဆိုရလျှင် မူဝါဒများက ကံဆိုးဒဏ်မှ သက်သာ အောင်၊ ကံကောင်းနေချိန်တွင် လသာတုန်း ဗိုင်းငင်နိုင်အောင် ဆောင်ရွက်ပေးနိုင်ကြသည်။

(၄)

ထို့ကြောင့် ကံကောင်းနေသလား၊ ကံဆိုးနေသလား ဆိုသော မေးခွန်းအစား၊ ကံကောင်းနေချိန်တွင် ဘယ်လို အခွင့်ကောင်းတွေ ယူနိုင်ခဲ့သလဲ၊ ကံဆိုးနေချိန်တွင် ဘယ်လို ဆန့်ကျင်ရုန်းကန်ခဲ့သလဲ ဆိုသော မေးခွန်းတွေကို ပြောင်းမေးလာကြသည်။ ကံဆိုးအောင်၊ ကံကောင်းအောင် ပြင်ပကမ္ဘာက ဖန်တီးသည် မဟုတ်။ ပြည်တွင်း စီးပွားရေး မူဝါဒများ၏ တုန့်ပြန်ပုံ တုန့်ပြန်နည်းကသာ အရေးကြီး သည်ဟု အဖြေထုတ်လာကြသည်။

'ကံမွဲ၊ ဉာဏ်နှုံ၊ မလုံ့မလ၊ နတ် မ မဘူး' ဆိုသော စကား အတိုင်းပင် ကံဆိုးကြုံနေခိုက် ဉာဏ်နှင့် လုံ့လ ဝီရိယ နည်းသော မူဝါဒများအတွက် အကျိုးနည်းသည်။ ကံညံ့သည့်တိုင် ဉာဏ်ကောင်း လုံ့လ ဝီရိယ ကောင်းသော မူဝါဒများကြောင့် နတ်ကလည်း မနေနိုင်ဘဲ မ ရသည့်ပုံ ရှိသည်။

mgyoe.com

mgyoe.com


(၅)

ကံဆိုးကံကောင်းပြောကြရာတွင် ခါးပတ်ပတ်ထားသော ကားစီး ခရီးသည်နှင့် ဥပမာပေး ပြောလေ့ ရှိကြသည်။ ခါးပတ်ပတ်ထား ခြင်းကြောင့် မတော်တဆ ထိခိုက်မှုနှင့် လွတ်မည်တော့ မဟုတ်။ ဒဏ်ရာရခြင်း၊ မရခြင်းမှာ မတော်တဆဖြစ်မှုနှင့် ကြုံကြိုက်ခြင်း၊ မကြုံကြိုက်ခြင်း အပေါ်တွင် မူတည်သည်။ မတော်တဆ ဖြစ်မှုနှင့် ကြုံလျှင် ဒဏ်ရာရမည်။ မတော်တဆ ဖြစ်မှုနှင့် မကြုံကြိုက်လျှင် ဒဏ်ရာ မရနိုင်။ ခါးပတ်ပတ်ထား၍ ဒဏ်ရာမရဟု မပြော နိုင်။ သို့သော် မတော်တဆ ကားတိုက်မှုမျိုးနှင့် ကြုံပြီ ဆိုလျှင် ခါးပတ် ပတ်ထားသော ကားစီးခရီးသည်က ထိခိုက် ဒဏ်ရာရမှု နည်းသည်။ ခါးပတ် ပတ်မထားသော ခရီးသည်က ဒဏ်ရာ ပိုရနိုင်သည်။

မတော်တဆဖြစ်မှု ဆိုသည်မှာကိုက သူတစ်ပါး ကားကို ဝင်တိုက်မိမှ မဟုတ်။ သူတစ်ပါး ကားက မိမိကို ဝင်တိုက်လျှင်လည်း ဖြစ်နိုင်သည်။ မတော်တဆ ထိခိုက်မှု မဖြစ်အောင် ယာဉ်မောင်းလည်း မတတ်နိုင်၊ ကားသည် လည်း မတတ်နိုင်။

သို့သော် မတော်တဆ ထိခိုက်မှု ဖြစ်လာပြီဆိုလျှင် ခါးပတ် ပတ်ထားသော ခရီးသည်က ဒဏ်ရာရ သက်သာ မည်။ ခါးပတ် ပတ်မထားလျှင် များများ ခံရမည်။

အလားတူပင် ကြိုတင် မထားသော မူဝါဒ ခါးပတ်

mgyoe.com

mgyoe.com



တို့သည် စီးပွားရေးဂြိုဟ်စီးဂြိုဟ်နှင်း မကောင်းသည့် အခိုက်နှင့် ကြုံတွေ့ရသည့် အခါ ဒဏ်ရာ အနာတရ မဖြစ်ဘဲ ပွန်းရုံပဲ့ရုံမျှနှင့် ပြီးသွားနိုင်သည်။

တစ်ခု ပြောစရာရှိသည်မှာ ခါးပတ်ကောင်း မကောင်း အပေါ်၌လည်း မူတည်သည်ဟု ဆိုနိုင်သည်။ မှန်ပါသည်။ မှန်ကန်သော မူဝါဒ ခါးပတ်ကြောင့် သက်သာစေနိုင်သလို ခါးပတ် မကောင်းလျှင်ဖြင့် မတတ်နိုင်။ ခါးပတ်လည်း ပတ်ထားဖို့ ပတ်ထားသော ခါးပတ် ကောင်း မကောင်းကို လည်း စစ်ဆေးထားဖို့ အရေးကြီးပါသည်။

တစ်ဖန် ကံဆိုသည်မှာ တစ်ခဏ၊ ခါးပတ် ဆိုသည်မှာ တစ်ဘဝ ခံတတ်သော သဘောကို ထောက်ပြီး တစ်ခဏမျှသာ ပေါ်ပေါက်လာတတ်သော 'ကံ'ထက်၊ တစ်ဘဝတာမျှ ခံသော ခါးပတ်ကို ပို၍ အားကိုအားထား ပြုထိုက်ကြောင်း ဤဥပမာမှာပင် ထင်ရှားနေပါသည်။

(၆)

ရှိတ်စပီးယား ရေးခဲ့ဖူးသလို **"ကံဆိုးကံကောင်းသည် ကောင်းကင်က နက္ခတ်တာရာများအပေါ် တည်နေသည်မဟုတ်။ ကျွန်ုပ်တို့အပေါ်တွင် တည်နေသည်"** ဟူသော စကားမှာ နိုင်ငံများအတွက်လည်း မှန်နေဆဲ ဖြစ်ပါသည်။

❑

mgyoe.com

mgyoe.com

# ကောက်ရိုးမီး ဖွဲမီးနှင့် ပြိုင်ဆိုင်မှု

## (၁)

အာရှဒေသအတွင်းရှိ တောင်ကိုးရီးယား၊ စင်ကာပူ၊ မလေးရှားနှင့် အင်ဒိုနီးရှားတို့ကို ကြည့်လျှင် စီးပွားရေး ဖွံ့ဖြိုးမှု အလားအလာများ ကောင်းနေသည်ကို တွေ့ရသည်။

လွန်ခဲ့သော အနှစ် ၂၀ခန့်အတွင်း တစ်ခါတစ်ရံ အနည်းငယ် ကျသွားတတ်သည်မှ အပ ထိုတိုင်းပြည်များ၏ ဝင်ငွေမှာ အရှိန် ကောင်းကောင်းဖြင့် တိုးတက်နေသည်ကို တွေ့ရသည်။

တောင်ကိုးရီးယားနှင့် စင်ကာပူတို့ကို ထွန်းသစ်စ အာရှ စက်မှုနိုင်ငံများဟု ခေါ်လေ့ရှိကြသည်။ သူတို့သည် တိုးတက် ဖွံ့ဖြိုးနေသော စက်မှုနိုင်ငံကြီးများကို အမီလိုက်လုနီးနေပြီ။ မကြာမီ စက်မှုနိုင်ငံကြီးများ ဖြစ်လာကြတော့မည်။ သူတို့၏ နေရာတွင် မလေးရှားနှင့် ထိုင်းတို့က ဝင်ရောက် နေရာယူကြမည်။ တောင်ကိုရီးယားနှင့် စင်ကာပူတို့သည် လောလောဆယ် တိုးတက်နေရုံမျှသာမက

mgyoe.com

mgyoe.com


တိုးတက်မှု အရှိန်အဟုန်ကို ဆက်လက်၍ပင် ထိန်းသိမ်းထားနိုင်စရာ အကြောင်းတွေ ရှိနေသည်။

အခြား အာဆီယံ အဖွဲ့ဝင်နိုင်ငံများသည် ပြည်တွင်းနိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေး မညီမျှမှုများကြောင့် ဖွံ့ဖြိုးမှု လမ်းခရီးတွင် ချောချောမွေ့မွေ့ ဖြောင့်ဖြောင့်တန်းတန်း ဖြစ်ကောင်းမှ ဖြစ်မည်။ ထို့ကြောင့် စိတ်ချလက်ချ နေ၍ မရသေး။

(၂)

တိုးတက်မှု အကြောင်းကို ပြောကြရာ၌ ကောက်ရိုးမီးလား၊ ဖွဲမီးလား ဆိုသည်ကို အမြဲတမ်း စဉ်းစားကြရသည်။ အချို့နိုင်ငံများက တစ်ခဏ ဖွံ့ဖြိုးတိုးတက်လာပြီးနောက် ပြန်ကျသွားတတ် ပြန်မှိန် သွားတတ်သည်။ အချို့နိုင်ငံများကား စိုက်လိုက်မတ်တတ် ဆက်တိုက် တိုးတက်လာကြသည်။ ထို့ကြောင့် လောလောဆယ် တိုးတက်မှု တစ်ခုတည်းကိုသာ ကြည့်ပြော၍ မဖြစ်။ နောင် ဆက်လက် တိုးတက်ဖို့ အလားအလာ ရှိ မရှိ၊ အခြေခိုင် မခိုင်ကိုပါ ထည့်တွက်ကြရသည်။ ကမ္ဘာ့သမိုင်းကို အချိန်အတော်ကြာ လွှမ်းမိုးထားနိုင်သည့် နိုင်ငံကြီးများပင် နောက်ဆုံး၌ မထင်မရှား ဇာတ်သိမ်းသွားရသည့် အဖြစ်မျိုး တွေ့ရှိရသည်။

ထို့ကြောင့် တစ်ခါတလေ တိုးတက်လာရုံမျှနှင့် အချိုးကျူး မစောဖို့၊ ဝမ်းအသာကြီး မသာမိစေဖို့ ဆင်ခြင်ကြရသည်။ သမိုင်းက သင်ခန်းစာ အထပ်ထပ် ပေးခဲ့ပြီး ဖြစ်

mgyoe.com

mgyoe.com


သည်။ ဝုန်းခနဲ တက်ကာ ဒိုင်းခနဲ ပြန်ကျသွားတတ်သော အဖြစ်မျိုးတွေက နီးနီးနားနားမှာပင် ရှိသည်။

၁၉၅၀ ပြည့်လွန်နှစ်များက ဖိလစ်ပိုင်နှင့် သီရိလင်္ကာ တို့ကို အတော်အထင်ကြီးခဲ့ကြဖူးသည်။ နေ့ချင်းညချင်းပင် စက်မှု နိုင်ငံကြီးများ ဖြစ်လာတော့မည်လောဟု တွက်ကိန်း ချကြည့်ကြသည်။ လက်တွေ့တွင် အနှစ် ၃၀ခန့် ကြာ သည့်တိုင် တွက်ရေးအတိုင်း ဖြစ်မလာသည်ကို တွေ့ရ သည်။ ပြည်တွင်းရေး မတည်ငြိမ်မှုများကြောင့် အဆိုပါ နိုင်ငံများ စိတ်သွားတိုင်း ကိုယ်မပါနိုင်ခဲ့ကြ။

ထိုကြောင့် ရေရှည်စီးပွားရေး ဖွံ့ဖြိုးမှု ဖြစ်နိုင် မဖြစ်နိုင်ကို တွက်ဆကြရာတွင် ပြည်တွင်း၌ တည်ငြိမ်မှု ရှိ မရှိကိုလည်း ထည့်စဉ်းစားကာ ချိန်ချိန်ဆဆ ပြော တတ်ကြသည်။

တစ်ဖန် တိုင်းပြည်တစ်ပြည် တိုးတက်သည် ဆိုရုံမျှ နှင့် ဘက်ပေါင်းစုံက ကျေနပ်စရာ ကောင်းနေမည်ဟု မဆိုနိုင်ပါ။ တိုးတက်မှုနှင့်အတူ မလိုလားအပ်သော အလုပ် လက်မဲ့ ဖြစ်မှုများ၊ ဒေသများ အကြား မညီမမျှဖြစ်မှုများ၊ ဝင်ငွေ မြင့်သူက မြင့်၍ နိမ့်သူက နိမ့်ခြင်းစသည်များ တွဲကပ် ပါလာတတ်သည်။ ထို အနုတ် လက္ခဏာများကို နိုင်နင်းအောင် မကိုင်တွယ်နိုင်လျှင် နိုင်ငံရေး မတည်မငြိမ်မှု တွေ ဖြစ်ကာ လူမှုရေး ပြဿနာများ တက်ကုန်တတ် သည်။ ထိုအခါ စီးပွားရေး ပြန်ကျသွားတတ်သည်။

သို့ဖြစ်၍ စီးပွားရေး တိုးတက်မှု အကြောင်း ပြော

mgyoe.com

mgyoe.com


သည့်အခါ စီးပွားရေးအကြောင်းချည်း သက်သက် ပြော၍ မဖြစ်၊ စီးပွားရေး တိုးတက်မှုကို ဖြစ်စေသော အကျိုးပြု သော နောက်ခံ နိုင်ငံရေး အကြောင်းများကိုပါ ထည့်ပြော ကြရသည်။ လူမှုရေးကိစ္စများကိုပါ ထည့်သွင်း စဉ်းစားကြ ရသည်။ စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေးကိစ္စ ဆိုသည် များကလည်း တကယ့်လက်တွေ့တွင် ခွဲခြားမရ။ အပြန် အလှန် ရောယှက်နေကြသည်။ ဆက်နွယ်နေကြသည်။ အကြောင်းအကျိုး ပြုနေတတ်ကြသည်။

(၃)

စီးပွားရေးဖွံ့ဖြိုးမှုကို လေ့လာသည့် သီအိုရီ ၃ခုကို မကြာခဏ ကိုးကားဖော်ပြလေ့ ရှိကြသည်။

'ခေတ်သစ်ကျမ်းရိုး ဘောဂဗေဒပညာရှင်များ' က လွတ်လပ်သော ဈေးကွက်ဘက်ကို အလေးသာသည်။ ဝယ်လိုအား ရောင်းလိုအားတွေကို လွတ်လွတ်လပ်လပ် လှုပ်ရှားစေလိုသည်။ ထိုအခါ ဝယ်သူတွေ၊ ရောင်းသူတွေ ၏ ဆင်ခြင်တုံတရားကြောင့် အသင့်တော်ဆုံး၊ အကျိုး အရှိဆုံး လုပ်ငန်းများကို လုပ်ကိုင်ကြမည်၊ တိုးတက်မှု အသီးအပွင့်တွေကို ခံစားကြရမည်ဟု ယုံကြည်ကြသည်။

'မှီခိုမှု သီအိုရီသမားများ'က အချက်အချာကျသော နေရာမှာ ရှိနေကြသည့် စက်မှုနိုင်ငံကြီးများသည် အစွန်အဖျားနေရာ ရောက်နေကြသည့် ဖွံ့ဖြိုးဆဲ နိုင်ငံ များကို ၎င်းတို့၏ အကျိုးအတွက် ခေါင်းပုံဖြတ်ကြသဖြင့်

mgyoe.com

mgyoe.com

ဖွံ့ဖြိုးဆဲနိုင်ငံများ တိုးတက်ခွင့်မရ။ ဖွံ့ဖြိုးပြီး နိုင်ငံများသာ တိုးတက်ပြီးရင်း တိုးတက်နေကြသည်။ ဖွံ့ဖြိုးပြီး နိုင်ငံများကို မှီခိုနေကြသော နိုင်ငံများ အကျိုးမရှိဟု ယူဆကြသည်။ လက်တွေ့တွင် ၎င်းတို့ ယူဆသလို မဟုတ်ဘဲ ဖွံ့ဖြိုးဆဲနိုင်ငံများပါ တိုးတက်လာကြောင်း အာရှနိုင်ငံများက သက်သေပြခဲ့ကြသည်။

'အချို့သော စီးပွားရေးပညာရှင်များ'က စက်မှု ထူထောင်ရေး လုပ်ငန်းစဉ်အား အစိုးရက ဦးဆောင်ရန် လိုလားကြသည်။ စက်မှု ထူထောင်ရေး လုပ်ငန်းစဉ်အား ပုဂ္ဂလိကဘက်သို့ ယုံမှတ်အပ်နှံ မထားဘဲ ထိရောက်စွာ စီမံကိန်းချရန်နှင့် အကောင်အထည်ဖော်ရန် အစိုးရကို ပါဝင်စေချင်သည်။

သီအိုရီ အမျိုးမျိုးက ဖွံ့ဖြိုးမှု ဖြစ်စဉ် အစိတ်အပိုင်း တစ်ခုစီကို သီးခြားစီ စဉ်းစားခဲ့ကြသော်လည်း အားလုံးခြုံ၍ သုံးသပ်ခြင်းမျိုး မဟုတ်။ စီးပွားရေး အဆောက်အအုံ အမျိုးမျိုး၊ နိုင်ငံရေး အခြေအနေ အမျိုးမျိုး၊ ယဉ်ကျေးမှု အဖုံဖုံ၊ တိုးတက်မှုနှုန်း အစားစားအတွက် တစ်ခုတည်းသော အဖြေကို ထုတ်မပေးနိုင်။

(၄)

တစ်ချိန်တည်းမှာပင် ကမ္ဘာ့စီးပွားရေး အခြေအနေသည် အပြောင်း အလဲကြီး ပြောင်းလဲနေသည်။ အတတ်ပညာ၊ တီထွင်မှု၊ ဆက်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေး နယ်

mgyoe.com

mgyoe.com


ပယ်များတွင် လျင်မြန်စွာ တိုးတက်နေသည်။ နယ်နိမိတ်များကို ကျော်ဖြတ်ကာ လူတွေ၊ အရင်းအနှီးတွေ၊ အတတ်ပညာတွေ ပိုမို လွတ်လပ်စွာ စီးဆင်း ဝင်ထွက်နေကြသည်။ ဤအချိန်တွင် သမားရိုးကျ စီးပွားရေး လုပ်ငန်းများ အပေါ်မှာသာမက အုပ်ချုပ်ရေးပိုင်း၊ စီမံခန့်ခွဲရေး အပိုင်းများကိုပါ ဂယက်ရိုက်ခတ်သည်။ စီးပွားရေးတိုးတက်မှု ရအောင်၊ ရပြီး တိုးတက်မှုကို ဆက်လက် ထိန်းသိမ်းနိုင်အောင် မည်သို့ ဆောင်ရွက်ကြမည်ဆိုသည့် အချက်ပေါ်တွင်လည်း ဩဇာ သက်ရောက်သည်။

အစိုးရ သတင်းမှန်သမျှ ထိန်းချုပ်ထားပြီး ပြည်သူလူထုကို ပြင်ပကမ္ဘာနှင့် အဆက်ဖြတ်ထားသော ခေတ်မှာ ကုန်ခဲ့ပြီ ဖြစ်၏။ ၁၉၈၉ခုနှစ် တစ်ဝိုက်တွင် ဖြစ်ပွားခဲ့သော အရှေ့ဥရောပ အတွေ့အကြုံများက ထိုအချက်ကို သက်သေပြနေသည်။ ၁၉၈၀ပြည့်လွန်နှစ်များတွင် ဖြစ်ပွားသော စီးပွားရေး ကျဆင်းမှုများကလည်း အပြောင်းအလဲများကို မျက်ခြည်ပြတ် မခံရန် သင်ခန်းစာပေးသည်။

အပြောင်းအလဲများကို မျက်ခြည်မပြတ်ဖို့ အမီလိုက်နိုင်ဖို့ အတွက် သော့ချက်စကားမှာ 'ပြိုင်ဆိုင်နိုင်စွမ်း' ဖြစ်သည်။ နိုင်ငံ တစ်နိုင်ငံ၏ ဥစ္စာခနသည် သူ့နိုင်ငံရှိ ကုန်ထုတ်စွမ်းအားစုများကို အမြင့်မားဆုံး အသုံးချနိုင်ပြီး နိုင်ငံတကာဈေးကွက်တွင် ထိရောက် ယှဉ်ပြိုင် ထိုးဖောက်နိုင်မှု အပေါ် မူတည်သည်။ ထုတ်လုပ်မှု စွမ်းအား တိုးတက်မှု အပေါ် အားကိုးရသည်။

mgyoe.com

mgyoe.com


အရည်အသွေးမြင့် ပစ္စည်းများအား စရိတ် နည်းနည်းဖြင့် ထုတ်လုပ်နိုင်ပါသလား? အချိန်တိုတိုနှင့် ထုတ်လုပ် နိုင်ပါသလား? နည်းပညာ အဆင့်အတန်း မြင့်ရဲ့လား?

ကျန်မာရေးနှင့် ညီညွတ်ပါသလား?

နောက်ဆုံး ပတ်ဝန်းကျင် ညစ်ညမ်းမှုကို ဖြစ်စေနိုင်သလား? က အစ စဉ်းစားလာကြသည်။ ကမ္ဘာ့ဈေးကွက်သည် ရောင်းသူဈေးကွက် မဟုတ်။ ဝယ်သူ့ဈေးကွက်ဖြစ်သည်။ ဝယ်သူ လက်ညှိုးထိုးရာ နာခံကြရသည်။

မိမိ ဈေးကွက်ကျဉ်းကျဉ်းလေးကိုသာ စဉ်းစားနေ၍ မရတော့။ ကမ္ဘာ့ဈေးကွက်တွင် 'ပေါ၊ ချောင်၊ ကောင်း'တွေ အလုပ် မဖြစ်။ ပေမမီ၊ ကိုက်မမီ။ အလေးခိုး၊ ရေထိုးတွေ အတွက် နေရာ မရှိ။

(၅)

တလောက ပြည်ပ ဧည့်သည်များလာ၍ စားသောက်ကုန် လုပ်ငန်း အချို့ကို လိုက်ပြဖူးသည်။ စားသောက်ကုန်များအား ခြေဖြင့် နင်းနေသည်ကို တွေ့ရတော့ အတော် စိတ်ညစ် သွားကြသည်။ ကျွန်တော်တို့ကတော့ ဒါမျိုးတွေ ရိုးနေပြီ။

မြန်မာလူမျိုး ဘောဂဗေဒ ပါမောက္ခတစ်ဦးသည် မြန်မာတို့ ကိုယ့်ငါးချဉ် ကိုယ်ချဉ်ကာ သူ့ရဲကောင်းဘွဲ့ ပေးထားသော တွင်ခုံ လုပ်ငန်းများ၊ သံထည်လုပ်ငန်းများ

mgyoe.com

mgyoe.com


ကို သွားကြည့်ကာ အတော် အားမလို အားမရ ဖြစ်သွားခဲ့ဖူးသည်။

ကောက်ရိုးမီး မဟုတ်သော ဖွဲမီး တိုးတက်မှုမျိုးကို ရဖို့ သာမန်ကြိုးစား အားထုတ်မှုမျိုးဖြင့် မရနိုင်။ ကမ္ဘာ့နှင့် ပြိုင်ရဲမှ ကမ္ဘာ့စင်မြင့် တက်ပြိုင်နိုင်မှ ဖြစ်ပါမည်။

ပြိုင်ပွဲက ခေါ်နေပြီ။
ပြိုင်နိုင်လျှင် ပြိုင်
မပြိုင်နိုင်လျှင် နေခဲ့ရမည်။

❑

mgyoe.com

mgyoe.com

# ကွင်းဆက်

## (၁)

အာရှက တိုးတက် ဖွံ့ဖြိုးလှပါတယ် ဆိုတဲ့ နိုင်ငံတွေ အကြောင်းကို ပြောကြတဲ့အခါ ကွင်းဆက် ဆိုတဲ့ စကား တစ်လုံး အမြဲတမ်းလိုလို ပါလေ့ရှိတယ်။ ပုဂ္ဂလိကနဲ့ အစိုးရ အချိတ်အဆက် အပေးအယူ မျှကြတာ၊ ပုဂ္ဂလိက လုပ်ငန်း အကြီးတွေနဲ့ အသေးလေးတွေ အပြန် အလှန် အမှီသဟဲ ပြုကြတာ၊ လုပ်ငန်းအချင်းချင်းလည်း အပြန်အလှန် ရိုင်းပင်းကူညီမှုပြုကြတာတွေကို အားရပါးရ ပြောလေ့ရှိကြ ပါတယ်။

## (၂)

မကြာသေးမီက တက္ကသိုလ်တစ်ခုရဲ့ နှစ် ၃၀ပြည့် အခမ်း အနားတစ်ခုကို တက်ခွင့်ရပါတယ်။ နောင်နှစ်တွေလည်း ဒီလိုပဲ နှစ်စဉ်နှစ်တိုင်း အခမ်းအနားတစ်ခု ကျင်းပမယ်လို့ သိရပါတယ်။ ပွဲကြိုက်တတ်တဲ့ ကျွန်တော်တို့ လူမျိုးတွေ

mgyoe.com

mgyoe.com


ဟာ မွေးနေ့ပွဲတို့၊ နှစ်ပတ်လည် အခမ်းအနားတို့ကို တခုတ်တရ ကျင်းပခဲ့လှပါတယ်။ ကျွန်တော်သိသလောက် ပြောရရင်တော့ ၂၅နှစ် ပြည့်တုန်းကလည်း တစ်ခါ အမှတ်တရပွဲ ကျင်းပဖူးပါတယ်။ ဒါပေမယ့် ကျောင်းပိတ်ထားတဲ့ အချိန်ကာလလည်းဖြစ်၊ သက်ဆိုင်ရာများကလည်း သိပ်ပြီး လူစည်ကားတာကို မလိုလားကြတဲ့ အချိန်လည်း ဖြစ်လို့ ၂၅နှစ်ပြည့် မွေးနေ့ပွဲဟာ မထင်မရှားနဲ့ ပြီးဆုံးသွားရှာပါတယ်။

ကျွန်တော်လည်း ဒီတက္ကသိုလ်ရဲ့ သက်တမ်း ၃၀မှာ သုံးပုံ နှစ်ပုံကျော် ပါဝင်ပတ်သက်နေလို့ ကိုယ့်ကိုယ်ကိုယ် ရှေ့မီ နောက်မီလို့ အောက်မေ့မိတယ်။ တကယ့် လက်တွေ့ကျတော့ ကိုယ်မမီလိုက်တဲ့ နှစ်တွေမှာ ကိုယ်မသိလိုက်တာတွေ၊ မသိလိုက်တဲ့ သူတွေ အများကြီးပဲ။ ရှေ့ပိုင်းမှာ အမိတက္ကသိုလ်ကို စတင်ပြုစု ပျိုးထောင်ပေးတဲ့ သူတွေဆိုရင် ကိုယ်မသိတဲ့ သူတွေက ပိုများတယ်။ ဒီလိုပဲ နောက်ပိုင်းက လူတွေကို သူ့ရဲ့ နောက်ပိုင်းက လူတွေက မသိကြပြန်ဘူး။ လူဆိုတာက ကိုယ့်ရဲ့ စားရေး၊ ဝတ်ရေး၊ နေရေး၊ သွားရေး သမီးရေးတွေနဲ့ လုံးပမ်းနေကြရတော့ ရန်ကုန်ရွှေမြို့တော်ကြီး တစ်မြို့တည်းမှာ နေတဲ့သူ အချင်းချင်းတောင်မှ ဆယ်နှစ် နေလို့ တစ်ခါမှ မဆုံမိဘူး။

ဆယ်နှစ်ဆိုတာ အသာထား။

တက္ကသိုလ်က နောက်ဆုံးနှစ်ကျောင်းသားများ၊ ကျောင်းသူများဆိုရင် မကြာမီ ခွဲရတော့မယ့် အသိနဲ့

mgyoe.com

mgyoe.com


အော်တိုတွေ၊ အော်ရှည်တွေ ရေးလိုက်ကြ၊ သွားလိုက်ကြ၊ လာလိုက်ကြ၊ ပျော်လိုက်ကြ၊ ပါးလိုက်ကြနဲ့ ကျောင်းပိတ်ရင်လည်း အဆောင်က မနေနဲ့တော့ ဆိုပြီး ဇွတ်အတင်း နှင်ချမှ အိမ်ပြန်တတ်ကြတယ်။

စာမေးပွဲအောင်တာနဲ့ ဘွဲ့ပေးတာ သိပ်မကြာဘူး။ တစ်နှစ် လောက်ပဲ ကြာတတ်တယ်။

အဲ၊ ဘွဲ့နှင်းသဘင် တက်လာကြတဲ့ အခါကျတော့ စောစောက ချစ်လှချည်ရဲ့၊ လွမ်းလှချည်ရဲ့ ဆိုတဲ့သူတွေဟာ ဆယ်ယောက် ပြည့်အောင်တောင် စုလို့ မရတော့ဘူး။ သူကလည်း သူ့မိသားစုနဲ့ သူ၊ ကိုယ်ကလည်း ကိုယ့်မိသားစု နဲ့ ကိုယ် ဆိုတော့ သူငယ်ချင်းထက် ချစ်ရမယ့်သူတွေ တွေ့နေကြပြီ။ ဒါတစ်နှစ်အတွင်း ဖြစ်တာ၊ နှစ် နှစ်ဆယ် သုံးဆယ် ကြာတဲ့အခါ ဘယ်လိုဖြစ်မလဲဆိုတာ မှန်းဆလို့ ရပါတယ်။

နှစ် ၃၀ပြည့် အခမ်းအနားကို ကျင်းပကြတဲ့ ဆရာကြီးများရဲ့ အလိုကတော့ ခုအခါမှာ ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံး နေချိန်ဆိုတော့ စီးပွားရေးလုပ်ငန်းကိုင်ငန်းတွေ လုပ်လို့ ကောင်းတဲ့ အချိန်။ ဒီလို အချိန်မှာ ပျောက်နေတဲ့ ကွင်းဆက်တွေ၊ အဆက်အစပ် တွေ ပြန်ပြီးရှိစေချင်သတဲ့။ တစ်ယောက်နဲ့ တစ်ယောက် အဆက်အစပ်ရှိရှိ ကွင်းဆက်မိမိနဲ့ဆိုရင် သူလည်း ကြီးပွား၊ ကိုယ်လည်း ကြီးပွားဆိုတဲ့ အခြေအနေမျိုးကို ရောက်မှာပဲ။ တစ်နှစ် တစ်ခါ ဒီကွင်းဆက်တွေ ပြန်ပေါ်လာပါစေလို့

mgyoe.com

mgyoe.com


ရည်ရွယ်ပါသတဲ့။

တချို့ နိုင်ငံတွေမှာ တက္ကသိုလ်က ဘွဲ့ရသွားသူတွေက လုပ်ငန်းတွေ လုပ်ဆောင်ကြ၊ အောင်မြင်ကြဆိုတဲ့ အခါကျတော့ တက္ကသိုလ်ကို ပြန်ပြီး အလှူဒါနတွေ လုပ်ကြ၊ ပညာသင်စရိတ်တွေ ထောက်ပံ့ကြ၊ လူမှုရေး ရန်ပုံငွေတွေ ထူထောင်ကြနဲ့ ပြန်ပြီး ကြည့်တတ် ကြပါသတဲ့ ကျွန်တော်တို့ဆီမှာတော့ ဒီအစဉ်အလာမျိုးတွေ ပျောက်သလို ဖြစ်ကုန်ဟန် ရှိတယ်။ တက္ကသိုလ်မျှော်ရုံကြီး ပြန်လည် မွမ်းမံတဲ့ အရေးတောင် ခုထိ မပြီးနိုင် မစီးနိုင်ဘဲ တန်းလန်းကြီး ရှိသေးတယ်။

အခုလို ပညာရေးနယ်နဲ့ လုပ်ငန်းခွင်နယ်ပယ် နှစ်ခုကိုလည်း အချိတ်အဆက်မိစေချင်ပုံ ရပါတယ်။

ဒါပေမယ့် အဲဒီနေ့က အခမ်းအနားကို အားတက်သရော တက်ကြတဲ့ သူတွေက လက်ရှိ ကျောင်းသားသစ်တွေ ဖြစ်ကြပါတယ်။ မတက်လိုက်ရလို့ ပူညံပူညံဖြစ်တဲ့ သူတွေက အများကြီးပဲ။ သူတို့က သွေးလည်း ပူနေတုန်းကိုး။ နောက်နှစ်ဆိုရင်တော့ သူတို့လည်း သွေးအေးသွားမှာပါ။

(၃)

ခတ္တိယနဲ့ ပညာရေး ဝန်ထမ်းသမဝါယမတို့ရဲ့ သင်တန်းတစ်ခုကိုလည်း မကြာမီက လေ့လာခွင့် ရခဲ့ပါတယ်။ တက္ကသိုလ်က ဆရာ၊ ဆရာမတွေကို ဟိုတုန်းကတော့

mgyoe.com

mgyoe.com


ဆင်စွယ်နန်းတော်ပေါ်က ပုဂ္ဂိုလ်များလို့ တင်စားခဲ့ကြဖူးပါတယ်။ အခုတော့ သက်ကယ်နန်းတော်လို့ ခေါ်ရမလားပဲ။ ပြင်ပနဲ့ အထိအတွေ့ နည်းလှတဲ့ တက္ကသိုလ်က ပညာရှင်များနဲ့ ပညာရပ်တွေကို ငမ်းငမ်းတက် ဆာလောင်မွတ်သိပ်နေကြတဲ့ လုပ်ငန်းရှင်များ၊ လုပ်ငန်းရှင်လောင်းလျာများ ဆုံစည်းမိကြ၊ ကွင်းဆက်မိကြတာ မင်္ဂလာတစ်ပါးပါပဲ။

တက္ကသိုလ်ပါမောက္ခ ဆရာမကြီးတစ်ဦးက ပြဿနာတွေ ယူလာခဲ့ကြပါတဲ့။ အခုလို လုပ်ငန်းရှင်တွေ၊ စီးပွားရေးပညာရှင်တွေ ဆုံစည်းမိတဲ့အတွက် လုပ်ငန်းရှင်တွေကလည်း ပညာရ၊ ပညာရှင် တွေလည်း အတွေ့အကြုံရ နှစ်ဦးနှစ်ဖက် အကျိုးများတဲ့ လုပ်ငန်းတွေနဲ့ တိုးပွားလာပါစေ။

(၄)

ဂျပန်နိုင်ငံက ပြန်လာတဲ့ ပါရဂူဆရာမကြီး တစ်ဦးက ဂျပန်မှာ လုပ်ငန်းကြီးတွေ၊ လုပ်ငန်းလေးတွေ အပြန်အလှန် အချိတ်အဆက်ရှိ ကြကြောင်း၊ အခုလို ချိတ်ဆက်မှုမှာ အပြန်အလှန် ယုံကြည်မှု၊ အပြန်အလှန် လေးစားမှု၊ အပြန်အလှန် အသိအမှတ်ပြုမှုတွေ ရှိကြကြောင်း မိန့်ကြားသံလည်း နာခံမှတ်သားဖူးပါတယ်။

ကျွန်တော်တို့ဆီမှာ ကွင်းဆက်တွေ ပျောက်နေကြတာဟာ ကြီးသူက ငယ်သူကို၊ ငယ်သူက ကြီးသူကို အပြန်အလှန် ယုံကြည်မှု၊ အပြန်အလှန်လေးစားမှု၊ အပြန်အလှန် အသိအမှတ်ပြုမှု မရှိကြလို့လား။

mgyoe.com

mgyoe.com


(၅)

စီးပွားရေး လုပ်ငန်းရှင် တစ်ဦးနှင့် တစ်ခါက တွေ့တော့ ပေါင်းလုပ်ကြရင် ကောင်းမယ်လို့ ပြောဖူးတယ်။ သူက ကြီးတဲ့ သူကလည်း သူ့ဟာနဲ့ သူနေချင်၊ ငယ်တဲ့သူက လည်း သူ့ဟာနဲ့သူ နေချင် ဆိုတော့ ပေါင်းလို့ မရဘူးတဲ့။

တကယ်လို့များ မြန်မာနိုင်ငံကို ပြည်ပနိုင်ငံတစ်ခုက စစ် ကြေညာတယ် ဆိုပါစို့။

အားလုံးပေါင်းပြီး တွန်းလှန်ကြမှ သေချာပါတယ်။

အခုလည်း - -

မြန်မာနိုင်ငံကို ပြည်ပစီးပွားရေး လုပ်ငန်းရှင်တွေက စစ်ကြေ ညာနေကြ၊ စိန်ခေါ်နေကြတာကို မကြားမိ၊ မသိမိကြရှော့သလား။

ကြားတယ်ဆိုရင် ဘာလို့ . . . ။

မကြားဘူးဆိုရင် ဘာလို့ . . . ။

(၆)

အသေးစား စက်မှုလုပ်ငန်းတွေဟာ စက်မှုလုပ်ငန်းကြီးတွေ နဲ့ ယှဉ်လိုက်ရင် ငွေအင်အား နည်းတယ်။ စီမံခန့်ခွဲမှုနဲ့ အတတ်ပညာ၊ နည်းပညာတွေ ချို့တဲ့တယ်၊ လုပ်သားတွေ ကျွမ်းကျင်မှု နည်းတယ်။ ခေတ်မမီတဲ့ စက်ပစ္စည်းတွေကို သုံးစွဲနေကြရတယ်။

ဒါပေမယ့် ဒီအသေးစား စက်မှုလုပ်ငန်းလေးတွေ ဟာ အလုပ်အကိုင်သစ်တွေ ရှာဖွေပေးနိုင်တယ်။ ကျေး

mgyoe.com

mgyoe.com


လက်နဲ့ မြို့ပြ ကွာဟမှုကို လျော့နည်းစေနိုင်တယ်။ စီးပွားရေး လုပ်ငန်းရှင် အသစ်တွေ ပေါ်ထွက်လာစေနိုင်တယ်။ စိုက်ပျိုးကဏ္ဍနဲ့ စက်မှုလက်မှုကဏ္ဍကို ဆက်စပ်ပေးနိုင်တယ်။ ဈေးကွက်အခြေအနေနဲ့ လိုက်လျောညီထွေ ကုန်ပစ္စည်းတွေကို ပြောင်းလဲ ထုတ်လုပ်နိုင်တယ်။ စက်မှုလက်မှု လုပ်ငန်းကြီးတွေက ထုတ်လုပ်တဲ့ ကုန်ပစ္စည်းတွေရဲ့ အစိတ်အပိုင်းတွေကို ထုတ်လုပ်ပေးနိုင်တယ်။ ဒီလို အားသာတဲ့ အချက်တွေကြောင့် ဘယ်နိုင်ငံမှာပဲ ဖြစ်ဖြစ် စက်မှုလုပ်ငန်းငယ်တွေကို ပစ်မထားကြဘူး။

ဂျပန်မှ စီးပွားရေး ဖွံ့ဖြိုးဖို့၊ ကိုရီးယားမှာ ပို့ကုန်တိုးမြှင့် တင်ပို့ဖို့၊ အိန္ဒိယမှာ အလုပ်လက်မဲ့ ပြဿနာ ဖြေရှင်းဖို့ ဆိုတဲ့ ရည်ရွယ်ချက်နဲ့ အသေးစား စက်မှုလုပ်ငန်းတွေကို အားပေးလေ့ရှိကြတယ်။

အသေးစား စက်မှုလက်မှု လုပ်ငန်းတွေဟာ စက်မှုလုပ်ငန်းကြီးတွေနဲ့ ပြိုင်လို့ မရဘူး။ ပြိုင်လို့ မရတော့ ပေါင်းကြရတယ်။ စက်မှု လုပ်ငန်းကြီးတွေကို ပစ္စည်းပေးသွင်းကြတယ်။ အရေးကြီးတာက လုပ်ငန်းကြီးတွေနဲ့ လုပ်ငန်းငယ်တွေ အပြန်အလှန် ယုံကြည်မှု၊ အားထားမှုပါပဲ။ ဆင်လည်း ဆင့်အထွာနဲ့၊ ဆိတ်လည်း ဆိတ်အထွာနဲ့ ယုံကြည်ကြ၊ အားကိုးကြရပါတယ်။

ရယ်စရာလည်း ဖြစ်၊ မောစရာလည်းကောင်းတာက မြန်မာနိုင်ငံမှာလည်း နိုင်ငံပိုင်လုပ်ငန်းကြီးတွေနဲ့ အသေးစား စက်မှုလုပ်ငန်းတွေ (ဥပမာ- သမဝါယမ)။ အဲသလို

mgyoe.com

mgyoe.com


ကွင်းဆက်တွေ ချိတ်ပြီး တစ်ဆင့်ပေး ကန်ထရိုက်စနစ်ကို ကျင့်သုံးကြပေမယ့် ကိုယ့်ဘာသာကိုယ် ကွင်းဆက်မှန်း မသိကြဘူးတဲ့၊ ကိုယ့်ဘာသာကိုယ် တစ်ဆင့်ပေး ကန်ထရိုက် (ဆပ်ကန်ထရိုက်)စနစ် ကျင့်သုံးနေလို့ ကျင့်သုံးမှန်း မသိတော့ ကိုယ့်တာဝန်၊ သူ့တာဝန်၊ ကိုယ့်အခွင့်အရေး၊ သူ့အခွင့်အရေးတွေကိုလည်း မသိကြဘူးတဲ့။ မခက်လား။

ဥပမာတစ်ခုပြောရရင် ကန်ထရိုက်ပေးတဲ့ သူက စရိတ်သက်သာရင် ပြီးရော ဆိုတဲ့ ရည်ရွယ်ချက်၊ ကန်ထရိုက် လက်ခံတဲ့သူက ပုံမှန် ဝင်ငွေရရင် ပြီးရော ဆိုတဲ့ ရည်ရွယ်ချက်လောက်ပဲ ရှိကြတယ်။

အခြားတိုင်းပြည်တွေမှာတော့ ကန်ထရိုက်ပေးတဲ့ သူဟာ ကိုယ့်လုပ်ငန်း အောင်မြင်ရေးအတွက်သာ မဟုတ်ဘဲ ကန်ထရိုက် လက်ခံတဲ့ သူရဲ့ လုပ်ငန်းအောင်မြင်ရေး အတွက်ပါ အဘက်ဘက်က ကူညီပံ့ပိုးမှု ပေးကြရတယ် ဆိုတာ ကျွန်တော်တို့ နားထဲ မျက်စိထဲမှာ အတော့်ကို ဆန်းနေတာပါ။

ဒါက ကွင်းဆက် ရှိပေမယ့် ကွင်းဆက်ရှိမှန်း မသိ၊ တာဝန်တွေ ဝတ္တရားတွေ မသိတဲ့ သာဓက တစ်ခုပါ။

(၇)

ကွင်းဆက်က ရှိရမယ့်နေရာတွေမှာ မရှိ၊ ရှိတဲ့ နေရာမှာ ရှိလို့ ရှိမှန်းမသိကြလို့ ဆိုရင် ပေးစရာတွေက ရှိလာပြန်တယ်။

mgyoe.com

mgyoe.com


ကွင်းဆက်ရှိပါလျက်နဲ့ ဖုံးထားတယ်။

ကွင်းဆက်ရှိပါလျက်နဲ့ ဝှက်ထားတယ်။

ကွင်းဆက် ရှိပေမယ့် မရှိချင်ယောင်ဆောင်နေတယ် ဆိုတော့ လုပ်ငန်းတွေ အတွက်ကရော . . . ။

ကျွန်တော် ပြောချင်တာက ကွင်းဆက် မရှိတာရယ်၊ ရှိမှန်း မသိတာရယ်လေ။

ကွင်းဆက် ရှိလျက်နဲ့ ဖုံးဝှက်ထားတာ . . .

ကွင်းဆက်ကို ဖျောက်ထားတာ

ကွင်းဆက်မရှိချင်ယောင် ဆောင်နေတာတွေကတော့ ဟဲဟဲ. . . ကျွန်တော်နဲ့ မဆိုင်ဘူး ထင်ကြောင်းပါ။

မေတ္တာ၊ ကရုဏာ၊ မုဒိတာတွေ ပွားလိုက ပွား၊ ဥပေက္ခာတွေ ပြုလိုက ပြု၊ လောဘ၊ ဒေါသ၊ မောဟတွေ များလိုက များ၊ ကျွန်တော့်ဆောင်းပါးနဲ့ “ကွင်းဆက်” မရှိကြောင်းပါ။

□

mgyoe.com

mgyoe.com

# မုန့်ဟင်းခါးဗေဒ

တစ်နေ့တုန်းက မုန့်ဟင်းခါး လာစားဖို့ မိတ်ဆွေတစ်စုက ဖိတ်ကြတာနဲ့ ဘာများ ထူးဆန်းသလဲလို့ စူးစမ်းတဲ့စိတ်နဲ့ သွားစားမိပါတယ်။ မုန့်ဟင်းခါး ဟင်းရည်က ကျွန်တော်တို့ စားနေကျ တင်တင်အေး မုန့်ဟင်းခါးဆိုင်ကပါ။ မုန့်ဖတ်က ထူးဆန်းတယ်။ စင်ကာပူမိတ်ဆွေတွေက လေယာဉ်နဲ့ သယ်လာကြတာ။ သူတို့တစ်တွေက မြန်မာတွေ မုန့်ဟင်းခါး ကြိုက်တဲ့အကြောင်း၊ မုန့်ဟင်းခါး အမြဲစားလေ့ရှိတဲ့ အကြောင်း သိထားနှင့်ကြတယ်။ ၄၂သန်းသော မြန်မာ လူဦးရေနဲ့ ဆိုရင် မုန့်ဟင်းခါး အတော် ရောင်းလို့ ကောင်းမယ် ဆိုပြီး မုန့်ဖတ်စက်ရုံ တည်ချင်ကြပုံ ရပါတယ်။

သူတို့ ယူလာတဲ့ မုန့်ဖတ်က နန်းကြီး (မုန့်တီ)အရွယ် မျိုး ဖြစ်နေတယ်။ ပြီးတော့ အချဉ်ဖောက်ထားတာ မဟုတ်လို့ စားရတာ ပေါ့ရွှတ်ရွှတ်နဲ့။ အချဉ်ဖောက်ထား တာ မဟုတ်တဲ့အတွက် ၃ရက် လောက်အထိ အထားခံပါ သတဲ့။ ကျွန်တော်တို့ မြန်မာ မိတ်ဆွေများကတော့

mgyoe.com

mgyoe.com



မကြိုက်တဲ့ အကြောင်း ပြောင်ပဲ ပြောကြပါတယ်။

စားပြီးတော့ မေးခွန်းတွေက လာပါရော။ လူ တစ်ယောက် တစ်ပတ်ကို မုန့်ဟင်းခါး ဘယ်လောက် စားသလဲ။ ရန်ကုန်မှာ တစ်နေ့ကို မုန့်ဟင်းခါး ဘယ်လောက် ထုတ်လုပ်သလဲ။ ဘယ်လောက် ရောင်းရသလဲနဲ့ စုံနေတာပဲ။

ကျွန်တော်တို့ ဖြေလိုက်တဲ့ အဖြေကိုတော့ သိပြီးသား ဖြစ်မှာပါ။ ဖြေနိုင်တဲ့ မေးခွန်းတွေမှ မဟုတ်တာ။ ကိုယ့်ဘာသာကိုယ် စားတာဆိုတော့ ဘာမှတ်တမ်းမှ မရှိဘူး။ မုန့်ဟင်းခါးဆိုင်တွေ့ရင် စားကြည့်မိလိုက်တာပါပဲ။ ကြိုက်ရင် ဆက်စားမယ်။ မကြိုက်ရင် နောက်မစားဘူး။ ဆကာကြီး မုန့်ဟင်းခါး၊ မအူပင် မုန့်ဟင်းခါး၊ ဒေသအလိုက် လက်ရာကွာတဲ့ မုန့်ဟင်းခါးတွေကိုလည်း စားကြည့်လိုက်တာပါပဲ။

မုန့်ဟင်းခါးမှ မဟုတ်ဘူး။ မနေ့က ဘာဟင်းနဲ့ စားသလဲ။ ဘယ်လောက်သား စားသလဲဆိုတာ သတိမရတော့ဘူး မဟုတ်လား။ ခက်တာလိုက်လို့။ နေ့တိုင်း ကန်စွန်းရွက်နဲ့ စားနေတာပဲလို့ ဆိုရင် ကောင်းပြီ၊ ကန်စွန်းရွက် ဘယ်လောက်သား စားသလဲဆိုရင် ဖြေဖို့ အတော်ခက်သွားပြီ။

ဒါကြောင့် ကျွန်တော်တို့ဆီမှာ စစ်တမ်း အမျိုးမျိုး ကောက်ကြပေမယ့် မေးတဲ့သူက မေးလို့ ဖြေတဲ့သူက ဖြေကြပေမယ့် "ကြည့်သာ ရေးလိုက်ကွာ"ဆိုတာမျိုးတွေက များပါလိမ့်မယ်။ ဒီဘက်ခေတ်မှာ နိုင်ငံခြားသား

mgyoe.com

mgyoe.com


လုပ်ငန်းရှင်တွေက စက်ရုံ ဆောက်ချင်ကြ၊ ပစ္စည်းတွေ ထုတ်ချင်ကြတော့ ဝယ်အား ဘယ်လောက် ရှိသလဲ၊ ဈေးကွက် ဘယ်လောက် ရှိသလဲဆိုတာ သူတို့ သိပ်သိချင် ကြပေမယ့် ကျွန်တော်တို့ကတော့ မဖြေနိုင်ဘူး ဖြစ်နေတယ်။

တကယ်တော့ နိုင်ငံခြားသားတွေက သိချင်သည် ဖြစ်စေ၊ မသိချင်သည်ဖြစ်စေ၊ ကျွန်တော်တို့က ကိုယ့်အကြောင်း ကိုယ် သိဖို့ အတော်လေး အရေးကြီးပါတယ်။ မှတ်တမ်းမှတ်ရာတွေ သေသေချာချာ ဂယဏာန ရှိရင် စီမံခန့်ခွဲရသူများအတွက်လည်း အတော်လေး အထောက်အပံ့ ဖြစ်နိုင်ပါတယ်။ တစ်ခုတော့ ရှိတာပေါ့လေ။ ကိုယ့်ဝင်ငွေ ဘယ်လောက် ရှိတယ်၊ ဘယ်လောက်တောင် သုံးစွဲနေရတယ် ဆိုတာ သူတစ်ပါးသိရင် ကိုယ့်ဆီ လာများ တောင်းနေဦးမလားတော့ စိုးရိမ်တတ်ကြပါတယ်။

ကျွန်တော်တို့ဆီကို ဧည့်သည်များက လာပြီး ကျွန်တော်တို့ အကြောင်းသိဖို့ ကြိုးစားကြတယ်။ တလောကပဲ စင်ကာပူမှာ ပါမောက္ခလုပ်နေတဲ့ ဆရာတစ်ယောက်လာပြီး နယ်စပ်ကုန်သွယ်ရေးကို လာကြည့်တယ်။ မြန်မာပြည်ထဲမှာ နေတဲ့ ကျွန်တော်တို့က မသိဘူး။ ဘယ်မှလဲ သွားမကြည့်ဖြစ်ဘူး။ စီးပွားရေး မဂ္ဂဇင်းများရဲ့ ကျေးဇူးကြောင့် တစ်ချို့တစ်ဝက်ကို သိခွင့်ရပေမယ့် နှိုက်နှိုက်ချွတ်ချွတ် ကျယ်ကျယ်ပြန့်ပြန့် သိရတာမျိုးတော့ မဟုတ်ဘူး။

စင်ကာပူမိတ်ဆွေများက ဈေးတွေလည်း လိုက်ကြည့်ချင်တယ်။ မုန့်ဟင်းခါးဖိုတွေနဲ့ ကြာဆံစက်တွေကိုလည်း

mgyoe.com

mgyoe.com

လိုက်ကြည့်ချင်တယ် ဆိုလို့ ကျွန်တော်တို့ လိုက်ပြကြရပါတယ်။ လိုက်ပြတယ် ဆိုတာက တကယ်တော့ လူကြားကောင်းအောင်သာ ပြောရတာပါ။ တကယ်တော့ ကျွန်တော်တို့ကိုယ်တိုင်လည်း မရောက်ဖူးတဲ့ နေရာတွေကို လိုက်ကြည့်ကြတာပါပဲ။ ဘုရင့်နောင်ပွဲရုံတွေ ဆိုတာ နာရီဝက်ခရီးပဲရှိပေမယ့် မရောက်ဖူးတော့ ကျွန်တော်တို့ ကိုယ်တိုင်လည်း တအံ့တသြတွေ ဖြစ်လို့၊ မုန့်ဟင်းခါးဖိုတွေ၊ ကြာဆံစက်တွေရောက်တော့လည်း ထုတ်လုပ်ပုံ ထုတ်လုပ် နည်းတွေကအစခြေထောက်နဲ့နင်းတဲ့ နည်းတွေလည်း ပါနေတော့ ကျန်းမာရေးနဲ့ မညီဘူးလို့ သူတို့ ယူဆကြပုံရတယ်။ လူအားတွေအများကြီးသုံးပြီး ထုတ်လုပ်နေတဲ့ ကျွန်တော်တို့ရဲ့ နည်းတွေနဲ့ စာရင် သူတို့က လူနည်းနည်းနဲ့ စက်သုံးပြီး ပစ္စည်းများများ ထွက်အောင် လုပ်လို့ ရတယ်။

ဒီမှာလည်း ကျွန်တော်တို့ စဉ်းစားစရာတွေ ပေါ်လာပြန်ပြီ။ ကျွန်တော်တို့ဟာ ပြင်ပလေ၊ ပြင်ပကမ္ဘာနဲ့ အထိအတွေ့ အဆက်အဆံ နည်းခဲ့တာ အမှန်ပဲ။ ဒီတော့ ကိုယ့်ဘာသာကိုယ် ကောင်းလှပြီလို့ ထင်နေတဲ့ နည်းလမ်းတွေ၊ စက်ကိရိယာ အကျိုးအပဲ့ အစုတ်အပြတ်တွေကို သုံးစွဲနေခဲ့ကြတယ်။ ဈေးကွက်ဆိုတာကလည်း ကိုယ်ရောင်းသမျှပစ္စည်းကို ကိုယ်ကြိုက်တဲ့ဈေးနဲ့ ကိုယ်ရောင်းချင်သလိုရောင်းခဲ့တဲ့ ဈေးကွက်ပဲ။ အခု အပြင်က ဧည့်သည်တွေဝင်လာကြတော့မယ်။ သူတို့ရဲ့ ကိရိယာသစ်တွေ၊ နည်းပညာသစ်တွေနဲ့ စားသုံးသူအကြိုက် စီမံချယ်လှယ်ထားတဲ့

mgyoe.com

mgyoe.com


ပစ္စည်းတွေကို ရောင်းကြတော့မယ်။ ဝယ်သူဆိုတာက လည်း ဘယ်လောက်ပဲ မျိုးချစ် စိတ်ဓာတ်တွေ ထက်သန်နေပါစေ ပိုကောင်းတဲ့ ပစ္စည်းကို ဝယ်မှာ သေချာပါတယ်။ အဲသလိုဆိုရင် နိုင်ငံခြားက လုပ်ငန်းတွေနဲ့ ကျွန်တော်တို့ ပြိုင်နိုင်ပါ့မလား။ ဟိုတုန်းက နိုင်ငံခြား လုပ်ငန်းတွေကို ကျွန်တော်တို့ ခြံစည်းရိုး လုံလုံခြုံခြုံ ပိတ်ထားတောင်မှ ဝယ်တဲ့သူက ရှိ၊ အားပေးတဲ့ သူက ရှိနေတော့ ခြေပေါက်ပြီး ရောက်လာခဲ့တယ် မဟုတ်လား။ အခုဆိုရင် ကိုယ့်အိမ်၊ ကိုယ့်ရွာ၊ ကိုယ့်ခြံဝင်းထဲမှာကို လာပြိုင်ကြတော့မှာ။ "ကိုယ့်အိမ်ထဲမို့ ခံလိုက်ရတယ်" ဆိုတာမျိုး ဖြစ်ကြတော့မယ်။ ဒါဖြင့်ရင် အမြင်ကျဉ်းတဲ့ မျက်ကန်း မျိုးချစ်ဝါဒီများလို နိုင်ငံခြားပစ္စည်းမှန်သမျှ သိမ်းကျုံးပြီး မုန်းကြမလား။ မသုံးဘဲ နေကြမလား။ ဒီလိုမျိုး ခေတ် မဟုတ်တော့ပြန်ဘူး။

ဒီတော့ အကောင်းဆုံးက ကိုယ့်ဘာသာကိုယ် လက်ရှိ ထုတ်လုပ်နေတဲ့ နည်းလမ်းတွေ၊ စက်ကိရိယာတွေ၊ စီမံခန့်ခွဲရေး နည်းလမ်းတွေ ပိုမို တိုးတက်လာအောင်၊ ပိုမိုကောင်းမွန်လာအောင် ကျွန်တော်တို့ ကြိုးစားဖို့ လိုပါလိမ့်မယ်။ ဒီလိုမှ မဟုတ်ရင်တော့ ကျွန်တော်တို့ လုပ်ငန်းအတော်များများ ခံကြရလိမ့်မယ်။ အခုပဲ ပြင်ပက စားအုန်းဆီတွေ ဝင်လာတာရယ်၊ ပြည်ပက မြေပဲ၊ နှမ်းတွေ ဝယ်တာရယ်ကြောင့် ဆီစက်တွေ ခံနေရဆို မဟုတ်လား။ ကမ္ဘာ့ဘဏ်ရဲ့ အကူအညီနဲ့ တချို့ဆန်စက်တွေကို ပစ္စည်းကိရိယာ အသစ်တွေ တပ်ဆင်သုံးစွဲနိုင်လို့ ပိုပြီး အရည်

mgyoe.com

mgyoe.com


အသွေး ကောင်းတဲ့ ဆန်တွေ ထုတ်လုပ်နိုင်နေပြီ ဆိုပါလား။

ပြောတာက လွယ်ပါတယ်။ ဘယ်လို လုပ်ကြမလဲလို့ မေးစရာ ရှိပါတယ်။ သေချာပေါက် ပြောနိုင်တာ တစ်ခုကတော့ တစ်ဦးချင်း၊ တစ်ယောက်ချင်း လုပ်လို့ကတော့ ငွေအရင်းအနှီး နည်းနည်းနဲ့မို့ ဘယ်လိုမှ လုပ်နိုင်ကြမယ် မဟုတ်ဘူး။ ပြီးတော့ အရင်းအနှီး ကြီးကြီးမားမား ရင်းနှီးမြှုပ်နှံဖို့ ဆိုတာ အန္တရာယ် ကြီးမားလွန်းလှတယ်။ စွန့်စားရတာတွေ များတယ်။ ဒီအခါ တာဝန်ရှိသူတွေက အန္တရာယ်တွေ လျှော့ပါးပြီး ထိုက်သင့်တဲ့ အကျိုးခံစားခွင့်တွေ ရယူနိုင်အောင် စီမံပေးကြမယ် ဆိုရင်ဖြင့် အတိုင်းထက်အလွန်ဖြစ်မှာပါ။ ရင်းနှီးမြှုပ်နှံရကျိုး နပ်စေမယ့် အစီအမံမျိုးကို စီမံပေးနိုင်မယ် ဆိုရင်ဖြင့် တိုင်းရင်းသား ရင်းနှီး မြှုပ်နှံသူတွေ အနေနဲ့ ဝန်လေးမယ် မဟုတ်ဘူး။

အဆင့်မြင့် ကိရိယာတွေ၊ နည်းပညာတွေ ရဖို့ အစိုးရရဲ့ တိုက်ရိုက် အကူအညီကို မျှော်လင့်တတ်ကြပေမယ့် အစိုးရ ဆိုတာမျိုးကလည်း သူ့အလုပ်နဲ့သူ ရှုပ်နေတတ်တာမို့ တိုက်ရိုက်အကူအညီ ရဖို့ သိပ်လွယ်မယ် မထင်ဘူး။ ဒီတော့ အစိုးရဆီက တိုက်ရိုက် အကူအညီထက် စက်ကိရိယာတွေ၊ နည်းပညာတွေကို ပုဂ္ဂလိက က တင်သွင်းရာမှာ အကူအညီပေးဖို့ ဆိုတဲ့ သွယ်ဝိုက်တဲ့ အကူအညီအနေမျိုး ဆိုရင် နှစ်ဦးနှစ်ဖက် ပြေလည်စရာ ရှိပါတယ်။

စင်ကာပူဧည့်သည်များမှာ သားအဖ နှစ်ယောက်

mgyoe.com

mgyoe.com


ပါလာပါတယ်။ အဖေက လုပ်ငန်း နားလည်ပုံ ရတယ်။ အတန်းစာတော့ သိပ်မတတ်ဘူး။ အင်္ဂလိပ်စကားတောင် မပြောတတ်ဘူး။ သားလုပ်တဲ့သူက ရောင်းဝယ်ရေးပညာနဲ့ စီမံခန့်ခွဲရေးပညာတွေမှာ ဒီပလိုမာ ယူထားတယ်။ အင်္ဂလိပ်စကား ကောင်းကောင်း ပြောနိုင်တယ်။ တရုတ်စကားတော့ သိပ် မကျွမ်းကျင်ဘူး။ သူဌေးသားပေမယ့် ဘွဲ့ယူဖို့ ကျောင်းဆက်မတက်ဘဲ စာပေးစာယူနဲ့ပဲ လုပ်ငန်းအုပ်ချုပ်မှု မဟာဝိဇ္ဇာကို ဆက်သင်နေတယ်။ အဖေက ကြာဆံလုပ်ငန်းရဲ့ ထုတ်လုပ်မှုပိုင်းကို စိတ်ဝင်စားတယ်။ သားက ရောင်းဝယ်ဖြန့်ဖြူးရေး ပိုင်းကို စိတ်ဝင်စားတယ်။ တိုင်းပြည်ဝင်ငွေ(ဂျီအန်ပီ) ဘယ်လောက်ရှိသလဲ။ တစ်ဦးကျ ဝင်ငွေ ဘယ်လောက် ရှိသလဲ ဆိုတဲ့ အပိုင်းတွေမှာ စိတ်ဝင်စားတယ်။ မျိုးဆက် နှစ်ခုရဲ့ ပေါင်းစပ်ပုံဟာ စိတ်ဝင်စားစရာပါ။

ကျွန်တော်တို့ ဆီမှာတော့ ကိုယ်ပိုင်လုပ်ငန်း ရှိနေတဲ့ သူတွေဟာ မိဘ လက်ငုတ်လက်ရင်းကို ဆက်လုပ်နေတဲ့ သူတွေလည်း ရှိသင့် သလောက် ရှိပါတယ်။ မိဘ လက်ငုတ်လက်ရင်းကို တိုးတက်အောင် ဆောင်ရွက်နိုင်သူတွေလည်း ရှိပါတယ်။ သို့သော်လည်း ကျောင်းတက်ပြီး ပညာဆက်သင်တဲ့သူတွေ မိဘလုပ်ငန်းနဲ့ သက်ဆိုင်တဲ့ ပညာရပ်မျိုးကို သင်ယူကြတာ၊ သင်ယူခွင့်ရကြတာ နည်းပါလိမ့်မယ်။

တစ်နေ့ကပဲ စီးပွားရေး ပညာရပ်သင်ကြားနေကြတဲ့

mgyoe.com

mgyoe.com

သူတွေကို မေးကြည့်တော့ စီးပွားရေးပညာရပ်ကို ပညာတစ်ရပ်အနေထက် ဘွဲ့တစ်ခု ရဖို့အတွက် ပိုပြီး စိတ်ဝင်စားတာ၊ ပညာတွေ သင်ပြီး အဲဒီပညာနဲ့ လုပ်ငန်း လုပ်ကိုင်ဖို့ထက် လခစားလုပ်ဖို့လောက်ပဲ စိတ်ဝင်စားတာတွေ့နေရပါသေးတယ်။

မှန်ပါတယ်။ ဈေးကွက်စီးပွားရေး စနစ်ကို အသွင်ကူးပြောင်းနေချိန်မှာ အချိန်ယူကြရ၊ ပြင်ဆင်ကြန့်ကြာနေတာတွေ ရှိတတ်ပါတယ်။

ဒါပေမယ့် အလျင်အမြန် ပြောင်းလဲနေတဲ့ ကမ္ဘာမှာ လူတစ်ဦးချင်း အနေနဲ့ပဲဖြစ်ဖြစ်၊ လုပ်ငန်းတစ်ခုစီ အနေနဲ့ပဲဖြစ်ဖြစ် ပြောင်းလဲစရာတွေ အများကြီး လုပ်ကြရပါဦးမယ်။ ကမ္ဘာ့စီးပွားရေး ပြိုင်ပွဲကြီးမှာ ပြုပြင်ပြောင်းလဲမှုနဲ့အတူ လိုက်နိုင်သူများ၊ ကမ္ဘာနဲ့ ရင်ပေါင်တန်းနိုင်သူများ၊ အိပ်မောကျ တွေဝေငေးငိုင်နေသူများသာ ရှင်သန်ကျန်ရစ်နိုင်ပါလိမ့်မယ်။

❑

mgyoe.com

mgyoe.com

# စီးပွားရေးပညာရှင်ကြီး စိတ်ညစ်သွားခြင်း

(၁)

"ဆရာ၊ စားသောက်ကြေးက အခု ဘယ်လောက် သွင်းရမှာလဲ"

"မတက်သေးပါဘူး၊ အရင်လို ၄၀ဝိ/ ပဲ သွင်းရမှာလေ"

"အခု မသွင်းသေးလို့ မရဘူးလား ဆရာ"

"ဘာဖြစ်လို့လဲကွ၊ ကျောင်းဖွင့်ခါစ ရှိသေး၊ ပိုက်ဆံမပါလာ လို့လား"

"မဟုတ်ပါဘူး ဆရာရဲ့၊ အခု မသွင်းသေးဘဲ ပြန်ခါနီးကျမှ သွင်းရင် ငွေတိုးပေးထားလို့ ရတယ်လေ၊ တစ်လငွေ ၁၀ဝိကို ၅ကျပ်တိုးပဲ ထား၊ ၅လလောက် မသွင်းသေးဘဲ ထားရင် ငွေ ၁၀၀လောက်တော့ ထွက်လာနိုင်တယ်လေ"

"အဲသလိုသာ ငွေမသွင်းဘဲ ထားရင် မင်းတို့ကို

mgyoe.com

mgyoe.com


ဘယ်က ပိုက်ဆံနဲ့ ထမင်းကျွေးရမှာလဲ"

"ဆရာကလဲ ပူရန်ကော၊ တခြားကျောင်းသားတွေ သွင်းလိမ့် မပေါ့"

(၂)

"ဆရာ၊ ဒီနားက သစ်တိုသစ်စတွေ၊ သံပိုက်ဟောင်းတွေက အဆောင်ပြန်ပြင်တုန်းက ထွက်လာတာတွေလား"

"အေး- ဟုတ်တယ်"

"ဆရာတို့က အဲဒါတွေ ခက်တာပဲ၊ သစ်ဈေးက အခုဆို တစ်တန် (. . .)လောက် ရှိတယ်၊ သံပိုက်ဟောင်းတွေ ဆိုရင်လည်း တစ်ပိဿာကို (. . .) ပေးတယ်၊ ကျွန်တော် လုပ်ပေးရမလား"

"မလုပ်ပါနဲ့ကွာ၊ ဒါ အစိုးရ ပစ္စည်းတွေကွ"

(၃)

"လာ ဆရာ၊ ရွှေကြယ်သွားပြီး လက်ဖက်ရည် သောက်ရအောင်"

"ငါ့မှာ ဒီကနေ့ မုန့်ဖိုး ကုန်ပြီကွ"

"ဘာလဲ၊ ဆရာမက ထပ်မပေးတော့ဘူးလား၊ လိုက်သာ လိုက်ခဲ့ပါ ဆရာရယ်၊ ကျွန်တော် တိုက်မှာပါ"

"ဗျို့ ဦးတင်အောင်၊ ခင်ဗျား ကျွန်တော်တို့ဆီက နို့ဆီ ယူပါလား၊ ဈေးလည်း သက်သာတယ်၊ ကြာကြာလည်း ခံမယ်"

mgyoe.com

mgyoe.com


"အဆင်ပြေရင် ယူတာပေါ့ဗျာ"

"ကဲ- သောက်ပါ ဆရာရယ်၊ ဒါကြောင့် ကျွန်တော်တို့ တိုက်ပါ့မယ် ပြောတာ၊ အော်- ဦးတင်အောင်၊ ငွေတောင်ဆေးလိပ်လည်း ကျွန်တော် လာတင်ထားမယ်နော်"

(၄)

"ဆရာ- ထီးကိုးလက် ကုန်တိုက်က ပစ္စည်းတွေ ပေးမယ်ဆို"

"အေး- ဟုတ်တယ်၊ ငါလဲ ကုန်တိုက် မန်နေဂျာ ဦးသန်းထွန်းက ကျောင်းသားစာရင်းတွေ တောင်းလို့ ပေးလိုက်ရသေးတယ်"

"အဲဒီ ပစ္စည်းတွေ ကောက်ပြီး ပြန်သွင်းပါလား"

"မလုပ်ပါနဲ့ကွာ၊ အဆောင်မှူး စီးပွားရေး သောင်းကျန်းတယ် အပြောခံနေရဦးမယ်"

"အဲဒါဆို ကျွန်တော် ကောက်မယ် ဆရာ၊ ကျွန်တော် သွင်းဈေးတွေလည်း စုံစမ်းခဲ့ပြီးပြီ၊ အဲဒါ အခန်းမှာ ပစ္စည်းဝယ်သည်လို့ ကြော်ငြာကပ်ခွင့်လေးတော့ ဆရာက ခွင့်ပေးနိုင်မယ် ထင်ပါတယ်"

"မင်း စိတ်ချမ်းသာသလိုသာ လုပ်ပါ မောင်ရာ"

(၅)

"ဝိုင်းကျူရှင်တွေ ဈေးကြီးတယ်၊ ဈေးကြီးတယ်နဲ့ ပြောကြတာ ကျွန်တော်က မခံချင်ဘူး ဆရာရဲ့"

mgyoe.com

mgyoe.com


"ပေးနိုင်တဲ့သူက ပေး၊ သင်နိုင်တဲ့သူက သင်နေတာ ငါ ဘာမှ မပြောချင်ပါဘူးကွာ"

"ဆရာကော မသင်ဘူးလား"

"ငါ့မှာ စာသင်ရတာနဲ့၊ အဆောင်အလုပ်နဲ့၊ လူမှုရေး အသင်းအဖွဲ့တွေ အားကစားအသင်းအဖွဲ့ အလုပ်တွေနဲ့၊ ပြီးတော့ စာရေးချင်တာနဲ့ မအားရပါဘူးကွာ"

"ဆရာက အဲဒါတွေ ခက်တာပဲ၊ ဆရာကြီး ပီမိုးနင်း ပြောသလို ဖြစ်နေပြီ"

"မင်းက ပီမိုးနင်းတော့ သိသလား"

"ဆရာကလဲ ကျွန်တော့်ကို စာပေ စိတ်မဝင်စားဘူး၊ စီးပွားရေးပဲ လုပ်နေတဲ့ ကျောင်းသားလို့ ထင်ထားတာကိုး၊ ထားပါတော့၊ ဆရာကြီး ပီမိုးနင်းက နိုင်ငံကြီးပွားဖို့ သူတစ်ပါး ကြီးပွားဖို့ စဉ်းစားနေရတာနဲ့ ကိုယ်ကြီးပွားဖို့ စဉ်းစားချိန်တောင် မရဘူးလို့ ပြောသွားတယ် ဆရာရဲ့၊ ဆရာလဲ အဲသလို ဖြစ်နေပြီ"

"ဒါကတော့ ငါက စီးပွားရေးပညာရှင်ကိုးကွ"

"ဆရာ၊ ပါရဂူရေးတဲ့ 'လက်ချဲမီးနဲ့ သူရဿတီ'ဆိုတဲ့ ဝတ္ထု ဖတ်ဖူးလား"

"ဖတ်ဖူးတယ် ထင်ပါရဲ့ကွာ၊ မင်းဘာပြောချင်လို့လဲ"

"သူရဿတီဆိုတဲ့ ပညာနတ်သမီးစောင့်တဲ့သူကို လက်ချဲမီး ဆိုတဲ့ ဥစ္စာနတ်သမီးက မစောင့်ဘူးတဲ့ ဆရာရဲ့၊ ဆရာတို့တော့ သူရဿတီနတ်သမီးပဲ စောင့်ပုံရပါတယ်"

"သူ့ဘာသာ သူ စောင့်ချင်တဲ့ နတ်သမီး စောင့်တာ

mgyoe.com

mgyoe.com


ငါ ဘာတတ်နိုင်မလဲကွ"

"အဲဒါကြောင့် ဆရာ့ကို ဝိုင်းပြဖို့ ပြောတာ၊ ဆရာ သင်ချင်တယ် ဆိုရင် ကျွန်တော် လူစုပေးမလို့၊ အဲ- ကျွန်တော်တော့ အလကား သင်ပေးရမယ်နော်"

"မင်း သင်ချင် သင်ပေးပါ့မယ် မောင်ရာ၊ ဝိုင်းတော့ မပြပါရစေနဲ့"

(၆)

"ဆရာ၊ စာမေးပွဲ ပြီးရင် စာအုပ်ဟောင်းတွေ၊ စက္ကူတွေ ဘယ်သူလာဝယ်သလဲ"

"ကုလားတွေ လာဝယ်ကြတာ တွေ့တာပဲကွ"

"ဒီနှစ်တော့ ဘယ်သူမှ လာမဝယ်စေနဲ့တော့ ဆရာ၊ ကျွန်တော် အလုပ်သမားတစ်ယောက်ကို ဝယ်ခိုင်းထားတယ်"

"ဒါဆိုလဲ ပြီးတာပဲကွာ"

"ဩော်- ဆရာ၊ အောင်စာရင်းထွက်ရင် ကျွန်တော့်ဆီ ဖုန်း ဆက်ပေးဦးနော်၊ ဆရာတို့ဖုန်းက အစိုးရဖုန်းဆိုတော့ အလကား ရတယ် မဟုတ်လား၊ ဆရာလိုချင်တာ ရှိလဲ မှာလိုက်ပေါ့ ဆရာ၊ ကျွန်တော် သွင်းဈေးနဲ့ ဆရာ့ကို ပေးမှာပါ"

"လိုချင်တာ မရှိပါဘူးကွာ၊ တယ်လီဖုန်းက နယ်အဝေး ပြောကို အစိုးရက မခံဘူး၊ ကိုယ့်ဘာသာကိုယ် ခံရတယ်"

mgyoe.com

mgyoe.com


"ဒါလောက်တော့ ဆရာ့တပည့်အပေါ် တွက်မနေပါနဲ့ ဆရာရယ်"

"အေးပါကွာ၊ ငါ ဆက်လိုက်ပါ့မယ်၊ ဒါနဲ့ မင်းပြန်ဖို့ကော စီစဉ်ပြီးပြီလား"

"စီစဉ်ပြီးပြီ ဆရာ၊ ကျွန်တော်တို့က အသင်းအဖွဲ့လိုက် ပြန်မှာလေ"

"ကောင်းပါတယ်ကွာ၊ အခုလို စည်းစည်းလုံးလုံးရှိတယ်"

"မဟုတ်ဘူး ဆရာရဲ့၊ ၃၄ယောက်ပဲ လက်မှတ် ဝယ်ထားတာ၊ ကျွန်တော်တို့ ၅ယောက်က လက်မှတ် မဝယ်ဘဲ ကပ်လိုက်မှာ"

"ကြည့်လဲ လုပ်ပါကွာ၊ တော်ကြာ လက်မှတ် လာစစ်လို့ အဖမ်းခံနေရပါဦးမယ်"

"ကျောင်းသားတွဲဆို ဘယ်သူမှ လာမစစ်ဘူး ဆရာရဲ့၊ ဩော်- ဒါနဲ့ ကျောင်းပြန်ဖွင့်ရင် အရင် တစ်ခါတုန်းကလို ဆရာတို့ လာကြိုဦးမလား"

"လူကြီးတွေက ခိုင်းရင်တော့ လာကြိုရမှာပေါ့ကွာ၊ ဘာလဲ အားနာလို့လား"

"ဖြစ်နိုင်ရင်တော့ လာမကြိုနဲ့ ဆရာ၊ ကျွန်တော်တို့က အထုပ်အပိုးတွေနဲ့မို့ မင်္ဂလာဈေးကို တန်းသွားချင်တာ၊ ဆရာတို့က ကားခ သက်သာအောင် ဆိုပြီး အဆောင်ပြန်ခေါ်ချင်တာနဲ့ ကိုးရိုး ကားယား ဖြစ်လို့"

"အေးပါကွာ၊ လာမကြိုနဲ့ ဆိုလဲ မကြိုပါဘူး"

mgyoe.com

mgyoe.com


(၇)

"ရှင် ဒီလ ရေးတဲ့ ဆောင်းပါးတွေကလဲ စိတ်ညစ်စရာတွေ ချည်းပါလား"

"ငါက စိတ်ညစ်စရာ ရေးတာ မဟုတ်ဘူးကွ၊ ကမ္ဘာ့ အခြေအနေတွေက စိတ်ညစ်စရာ ဖြစ်နေတာ"

"ဒီလ မြန်မာ့ဓနက စာမူခ ရပြီလား၊ ၂၃ရက်နေ့ကျ မာလာတို့ မင်္ဂလာဆောင်အတွက် လက်ဖွဲ့ ဝယ်ရမှာလေ"

"မြန်မာ့ဓန ဆောင်းပါး မပါတာ ၃လ ရှိပြီလေကွာ၊ လက်ဖွဲ့စရာ မရှိတော့လဲ မသွားဘဲ နေတာပေါ့"

"မသွားလို့မှ မဖြစ်တာ၊ ရှင်က စိတ်ညစ်စရာတွေ ချည်း ရေးနေတော့ သူတို့က ပယ်မှာပေါ့"

"ငါလဲ စာသင်တာ၊ စာရေးတာကလွဲလို့ ဘာမှ မလုပ်တတ် တော့ဘူးဟ၊ ဒီတစ်ခါတော့ ငါလဲ စိတ်ညစ် လာပြီ၊ စိတ်ညစ်စရာ တောင် မရေးနိုင်တော့ပါဘူး"

❑

mgyoe.com

mgyoe.com

# အချိန် ဘယ်ဘက်ကို မျက်နှာလှည့်သလဲ

ကိုတင်မောင်သန်း

(၁)

ခင်ဗျားက "အချိန်" တွေ၊ "ရည်မှန်းချက်" တွေ၊ နှလုံးသားကို မြှားနဲ့ ပစ်ခွင်းတာတွေ လုပ်နေလို့ စိတ်ဝင်စားမယ်ထင်တာလေးတွေ ပြောပြချင်တယ်။

(၂)

(၁၀-၇-၉၄)ရက်နေ့က စေ့စပ်ပွဲတစ်ခုကို ရောက်တယ်။ ကိုယ် အိမ်ထောင်ကျစဉ်အခါတုန်းကလည်း အဖေတို့ အမေတို့ရေ၊ ပိုက်ဆံ ယူပြီး လာခဲ့ကြပါဦးဆို ပြီးသွားတာမို့ စေ့စပ်ပွဲဆိုတာ ဘယ်လိုဟာမှန်းတောင် မသိလိုက်ဘူး။ အခုလည်း စေ့စပ်ပွဲကို လာခဲ့ဖို့ ဖိတ်စာရတဲ့ လူကြီးသူမအနေနဲ့ ဖိတ်တာတော့ ဟုတ်ပုံမရဘူး (လူကြီးမှ မဟုတ်သေးတာကိုး)။ လေ့လာသူအနေနဲ့ ဖိတ်သလား၊ ကျွေးချင်လို့ ဖိတ်သလားဆိုပြီး သွားစားလိုက်ပါတယ်။

mgyoe.com

mgyoe.com


သတို့သားလောင်းက ကျွန်တော်တို့ရဲ့ ရေးဖော်ရေးဖက် မောင်ရစ်ပေါ့။ ဦးခင်မောင်လတ်၊ ဒေါ်ခင်မျိုးချစ်တို့ရဲ့ မြေး၊ သချာ ဆရာကြီး ဒေါက်တာခင်မောင်ဝင်းရဲ့သား။ သတို့သမီးလောင်းက သူ့ သူငယ်ချင်းပါပဲ။ ဖိတ်တဲ့အချိန်က ၇း၃၀နာရီ။ ကျွန်တော် ရောက်တာက ၈း၄၅ နာရီ။ လူကြီး တော်တော်များများလည်း ရောက်နှင့်နေကြလို့ မိတ်ဆက်ပေးနေကြပြီ၊ တစ်ချို့လည်း ကျန်သေးတယ်။

## (၃)

သတိရတုန်း ကြားဖြတ်ပြီး ပုံပြင်လေးတစ်ပုဒ်ကို ပြောပြဦးမယ်။

တစ်ခါက ပုဂ္ဂလိကဘဏ်တစ်ခု ထူထောင်ဖို့ စီစဉ်ကြတယ်။ အဲဒီဘဏ်ရဲ့ ဦးစီးဦးဆောင် ဖြစ်တဲ့ နိုင်ငံတကာအတွေ့အကြုံတွေ အပြည့်ရှိတဲ့ ဆရာကြီး တစ်ဦးက တပည့်တွေကို ချီးမြှင့်တဲ့ အနေနဲ့ အဲဒီဘဏ်ရဲ့ ငွေသွင်းငွေထုတ် ကိစ္စတွေအတွက် ကွန်ပျူတာ အစီအစဉ် ရေးဆွဲခိုင်းတယ်၊ ဆရာ့ဆရာ ဖြစ်နေလေတော့ စာရွက်စာတမ်းတွေ ဘာတွေ လုပ်မနေကြပါဘူး။ ခိုင်းတဲ့အတိုင်း လုပ်လိုက်ကြတာပါပဲ။

လုပ်ပြီးပြီဆိုတော့ သူလာကြည့်မယ်ဆိုလို့ ရုံးခန်းမှာ အဆင်သင့် စောင့်ကြတယ်။ မြန်မာ့ထုံးစံအတိုင်း အစားအသောက်တွေ ဘာတွေနဲ့ပေါ့ဗျာ။

အချိန်နဲ့ ပတ်သက်လို့ နိုင်ငံတကာ အတွေ့အကြုံ

mgyoe.com

mgyoe.com


တွေ ရှိထားတဲ့ အဲဒီပုဂ္ဂိုလ်ကြီးက ၂နာရီ ကျော်ကျော်လောက် နောက်ကျပြီးမှ ရောက်လာတယ်။ သူ နောက်ကျတဲ့အတွက် "ဆောရီး" ဆိုပြီး တောင်းပန်ပါတယ်။ ပြီးတော့ တစ်ခုနှစ်ခု လောက် လိုက်ကြည့်ပြီး သူ့အချိန်မရဘူး ပြန်တော့မယ်။ သူ့အိမ်မှာ လာပြီး တင်ပြလို့ အမိန့်ရှိပြီး ပြန်သွားတယ်။ ကျွေးဖို့မွေးဖို့ပြင်ဆင်ထားတာတွေ တို့တောင် မသွားဘူး။ သူ့အချိန်က အရေးပါပြီး ကိုယ့်အချိန်က အရေးမပါပုံများ ပြောပါတယ်။

အဲဒီတော့ ကိုတင်မောင်သန်းကို မေးချင်တာ တစ်ခု က အချိန်ဆိုတာ မျက်နှာလိုက်တတ်သလားဗျာ။ သူ့အတွက် ကျ အချိန်က တစ်မျိုး၊ ကိုယ့်အတွက်ကျ အချိန်က တစ်မျိုး ရှိသလားဗျာ။

သူ့အိမ်မှာ လာပြဆိုတော့လည်း သွားပြကြပေါ့ဗျာ။ အိမ်ရောက် တော့ သူက စစ်ဆေးကြည့်ပြီး ဒါလေး ပြင်ပေးဦး၊ ဟိုဟာလေး ပြင်ပေးဦး ဆိုတာတွေ လိုက် မှတ် သွားကြရတာပေါ့။

ပြီးတော့- "ထားခဲ့ပါ"တဲ့။

"ဆရာကြီး၊ ကျွန်တော်တို့ လုပ်ငန်းမှာ သဘောတူ စာချုပ် ချုပ်ပြီးမှ ထားခဲ့တဲ့ ထုံးစံရှိပါတယ်"လို့ သံတော်ဦး တင်တော့ သူက စိတ်ဆိုးတော်မူပြီး ငွေငါးသောင်းဆိုတာ ဘာမှ မဖြစ်လောက်ဘူး (ဒီတစ်ခုတော့ ဟုတ်ပါတယ်)။ ဒါအတွက်များ မထားခဲ့နိုင်ဘူး ပြောရသလားလို့ စိတ် ကောက်တော်မူပြီး ငွေလည်း မပေး၊ ဆက်လည်း မခိုင်းတော့

mgyoe.com

mgyoe.com

ဘဲ တခြားလုပ်ငန်းတစ်ခုကို ပြောင်းအပ်ပါလေရော။

ဒါ နိုင်ငံတကာမှာ အတွေ့အကြုံတွေ စုံတဲ့ ပုဂ္ဂိုလ်နော်။ အဲဒီမှာ မေးစရာ ရှိလာတာက နိုင်ငံတကာမှာ တစ်မျိုး ကျင့်သုံးပြီး မြန်မာနိုင်ငံမှာ တစ်မျိုး ကျင့်သုံးမယ်လို့ လုပ်ငန်းနယ်ပယ်မှာ စံချိန် စံညွှန်း နှစ်မျိုး ရှိလေသလား ပေါ့ဗျာ။

(၄)

သတို့သားလောင်း၊ သတို့သမီးလောင်းတွေအတွက် နှစ်ဖက်လူကြီး တွေက ပြောဆိုပြီး လက်စွပ်လဲပြီးကြတော့ ဘဘလတ်က ဩဝါဒ ပေးပါတယ်။

ဘဘလတ်က ဩဝါဒ ပေးလေ့မရှိဘူး။ စကားလည်း ရှည်ရှည်ဝေးဝေး ပြောလေ့ မရှိဘူး။ "ကနေ့တော့ ပျော်လွန်းလို့ ပြောဦးမယ်" ဆိုပြီး လက်ခုပ်တဖြောင်းဖြောင်းနဲ့ ပြောပါလေရောဗျာ။

"လူငယ်တွေကို ဆုံးမမယ်လို့ စိတ်ကူးလိုက်ရင် ဘာသွား သတိရသလဲဆိုတော့ ငါကကော ဘယ်လောက်ကောင်းလို့လဲ၊ ငါမကောင်းတာ သူတို့ မသိလို့သာ၊ အသက်ကြီးလို့ ဟိုပြောသည်ပြော လျှောက်ပြောသလို ဖြစ်နေမလားမသိဘူးလို့ စိတ်ထဲက ပေါက်ပေါက်သွားတော့ ငါပြောတာ ဟုတ်မှ ဟုတ်ပါလေစဆိုပြီး ထပ်မပြောဖြစ်ဘူး။ အခုတော့ ကိုယ့်မြေးကိစ္စဆိုတော့ ကိုယ်ကြားဖူး တဲ့ သမ္မာကျမ်းစာမှာ ပါတဲ့ It is not given to man to know his own needs.
mgyoe.com

mgyoe.com

လူတွေဟာ ကိုယ့်အကျိုးကိစ္စအတွက် ဘာလိုအပ်တယ် ဆိုတာ မသိနိုင်ဘူး။ ကိုယ်လိုချင်တာကိုတော့ သိကြတဲ့လူချည်းပဲ။ ဒီအဆုံးအမလေးကို ဘဝတစ်သက်တာမှာ ကျင့်သုံးလာခဲ့တယ်" ဆိုပြီး ပြောပြပါတယ်။

"ဘဘလတ် ငယ်ငယ်တုန်းက သတင်းစာဆရာ သိပ် ဖြစ်ချင်တာ။ အခုတော့ သိပြီ၊ မဖြစ်ပေလို့သာ၊ ဖြစ်ရင် ဒီလို နေရမှာ မဟုတ်ဘူးတဲ့။ အချို့သော ကောင်းကျိုးချမ်းသာ မင်္ဂလာတွေဟာ မကောင်းကျိုးလိုလို ရုပ်ဖျက်ပြီး ဝင်လာတတ်တယ်" တဲ့။

"ဘဘလတ်ရဲ့ ဘဝမှာ လခ အများဆုံး ရခဲ့တာ ၅ဝဝိ/တဲ့။ စစ်ပြီးခေတ် Civil Supplies Board လို့ ခေါ်တဲ့ ပြည်သူ့ရိက္ခာ ထောက်ပံ့ရေးအဖွဲ့မှာ Press Liason Officer ခေါ်တဲ့ သတင်း ဆက်သွယ်ရေးအရာရှိ လုပ်တုန်းက ရခဲ့တာတဲ့။ ကံဆိုးချင်တော့ အဲဒီ ပြည်သူ့ရိက္ခာ ထောက်ပံ့ရေး အမှုထမ်းအသင်းမှာ ဥက္ကဋ္ဌ ဖြစ်နေတယ်။ ၁၉၄၆ခုနှစ်မှာ သပိတ်တိုက်ပွဲ ဝင်လိုက်တာ လခ ၅ဝဝိ/- ရတဲ့ အလုပ်ကလေး တစ်ခါတည်း ပြုတ်ပါရော"

"သံအမတ်ကြီး ဦးဝင်း အိန္ဒိယမှာ သံအမတ်ကြီး ဖြစ်နေချိန်ကလည်း အလုပ်မရှိတော့ တတိယအတွင်းဝန် လုပ်မလား မေးတယ်။ ဒါပေမယ့် သက်ဆိုင်ရာကို တင်ပြလိုက်တော့ မရဘူး ဖြစ်ရော"

"အဲဒီတော့မှ ကိုယ့်အရေးကိုယ် သတိရပြီး သက်ကြီးတက္ကသိုလ် တက်ပြီး ဘီအေကို အောင် အောင် ဖြေတယ်"
mgyoe.com

mgyoe.com


"လခ ၄၀ဝိ/- နဲ့ လုပ်ရတဲ့ အလုပ်တစ်ခု ရပြန်တော့ အဲဒီအလုပ်က ပင်ပန်းလိုက်တာ နေ့လယ် ထမင်းစားချိန်တောင် မရဘူး။ ပင်ပန်းလွန်းလို့"

"ကိုယ့်ဒူးကိုယ်ချွန်ပြီး စာသင်ဖို့၊ စာကျက်ဖို့၊ ၄၀ဝိ/- ရတဲ့ အလုပ်တစ်ခုကို စွန့်လွှတ်ပြီး စာပေဗိမာန်က ခေါ်တဲ့ စာပြုလခ ၁၅ဝိ/- နဲ့ လုပ်ခဲ့တယ်။ ကိုယ့်အခြေအနေက လခ ၄၀ဝိ/- ဆိုတဲ့ အလုပ်က ကိုယ့်တက်လမ်းအတွက် ဘာမှ အခြေအနေ မပေးဘူး၊ စာပြုစုတာက စာနဲ့ပေနဲ့လည်း နီးစပ်တယ်။ တက္ကသိုလ်မှာ ပညာ ဆက်သင်ဖို့အတွက် ၄၀ဝိ/- ဆိုတဲ့ အလုပ်ကို စွန့်လွှတ်ပြီး ၁၅ဝိ/- ဆိုတဲ့ အလုပ်ကို ပြောင်းလုပ်ခဲ့တယ်"

"အစ်ကိုတွေကဆို ကျွန်တော့်ကို ဆဲတာပဲ"

"ဘီအေအောင်ပြီးတော့ စာပြုလခ ၁၅ဝိ/- ကနေ ၂၅ဝိ/- အထိ တိုးတော့မယ်။ ဒါပေမယ့် တက္ကသိုလ်မှာ အမ်အေ ဆက်တက်ချင်တော့ ကျူတာလုပ်မှ တက်လို့ ရမယ် ဆိုလို့ အဲဒီအလုပ်ကို စွန့်လွှတ်ပြီး ၁၂ဝိ/- ရတဲ့ ကျူတာအလုပ်ကို ပြောင်းလုပ်ခဲ့တယ်။ ပညာရေး အတွက် စူးစိုက်ပြီး ကိုယ့်စိတ်က ရည်ရွယ်ချက်ထားတာကိုး။ ပန်းတိုင်က မြင်ထားတာကိုး"

"လူငယ်ဆိုတာ အလုပ် လုပ်တဲ့အခါ Prospect ခေါ်တဲ့ တက်လမ်းကို ကြည့်တာပေါ့။ တက္ကသိုလ်ဝင်တဲ့ အခါကျတော့ အသက် ၃၅နှစ် ရှိနေပြီ။ ပါမောက္ခက ကျွန်တော့်ကို ကြည့်ပြီး ဘာတက်လမ်း ရှိသလဲ။ ဒေါ်သိန်းညွန့်တို့၊

mgyoe.com

mgyoe.com



ဒေါ်ခင်မူတို့ ဆိုတာ ခင်ဗျားအထက်က ဆိုပြီး ပြောတော့ ကျွန်တော် တစ်သက်လုံး ကျူတာလုပ်မယ်။ စာသင်တဲ့ ကိစ္စကို ကျွန်တော် သိပ်မြတ်နိုးတယ်ဆိုပြီး လုပ်တာ လေးငါးလလောက်ကြာတော့ ရတနာသုံးပါး ဂုဏ်ကျေးဇူးကြောင့် ၂၀၀ိ/-လောက်ရတယ်။ ၄နှစ်လောက်ကြာတော့ အမ်အေလည်းအောင် ရော ၃၅၀ိ/- ရခဲ့တယ်။ ယခင်ကလို ၅၀၀ိ/-တော့ မရဘူး။ လခအနေနဲ့ စဉ်းစားရင်တော့ စိတ်ညစ်စရာကြီးပဲ။ သို့ပေမယ့် ကျွန်တော် ပျော်ရွှင်တယ်။ စိတ်ချမ်းသာတယ်။ ကိုယ့်ရည်မှန်းချက်ကို မျက်ခြည်မပြတ်လို့ ကျေနပ်မှု ရခဲ့တယ်"

"နိုင်ငံခြားမှာ အတွင်းဝန်သာ လုပ်ရရင် အမ်အေဘွဲ့ ရမှာ မဟုတ်ဘူး"

"အဆင်မပြေမှုလေးပင်လျှင် အရှည်သဖြင့်မှာ ကောင်းဖို့ပဲ။ မကောင်းတာလေးတွေ တွေ့လို့ စိတ်မပျက်နဲ့၊ ရတနာ သုံးပါးသာ ကိုင်းရှိုင်း၊ ကိုယ့်အတွက် အဆင်ပြေတာလေးတွေ ဖြစ်လာတယ် လူတွေဟာ ကား၊ မြေ၊ အိုးအိမ်၊ တိုက်တာ၊ ရာထူးတွေ လိုချင်ကြတယ်။ ကိုယ့်အတွက် တကယ် ကောင်း မကောင်း မသိကြဘူး။ ကိုယ်ကသာ ကောင်းတယ် ထင်နေတာ"

အဲ- ဘဘလတ်ကတော့ အမ်အေဘွဲ့ တစ်ခုကို ရဖို့ ၅၀၀ိ/-ကနေ ၄၀၀ိ/၊၄၀၀ိ/ကနေ ၁၂၅/ ရတဲ့ အလုပ်ကို ပြောင်းလုပ်သွား ခဲ့ပါတယ်။ ဒါဟာ မိမိရဲ့ ရည်မှန်းချက် တစ်ခုကို ရရာရကြောင်း နည်းလမ်းကောင်း တစ်ခုပေ

mgyoe.com